# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ သောကြာနေ့။ Friday, 3 January 2025 ၁၁၆၉၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

## တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုသည့် လောကပါလတရားများ ဖြစ်ထွန်းစေသည့် မြန်မာ့တရားစီရင်ရေးသည် အာဆီယံမှာသာမက ကမ္ဘာကပါ လေးစားဂုဏ်ယူရသည့် တရားစီရင်ရေးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

### ယနေ့ ဖတ်စရာ


**မြန်မာ့လယ်ယာထွက်ကုန်စည်များ ပြည်ပသို့ တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများ ပူးပေါင်းရင်းနှီးမြှုပ်နှံ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ ကျင်းပ** စာမျက်နှာ » ၅



**ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့** ဆောင်းပါး စာမျက်နှာ » ၆

**မျှော်တလင့်လင့်နဲ့ ရင်မှာမော မဖြစ်စေလိုပါ** ဆောင်းပါး စာမျက်နှာ » ၁၈

ကြေးမုံ

# စည်းလုံးညီညွတ်မှုကိုတည်ဆောက် ဒီမိုကရေစီပန်းတိုင်ဆီသို့ အရောက်လှမ်း

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းကာလတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများ၏ တစည်းတလုံးတည်း တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ပြီး အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အခြားကဏ္ဍများတွင်လည်း အတိုင်းအတာတစ်ခုအထိ တိုးတက်လာစေရန် ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အတွက် သမိုင်းမှတ်တမ်းတင် ကျန်ရစ်ခဲ့စေမည့် တိုင်းကျိုးပြည်ကျိုးဆောင်ရွက်မှုများ ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့ကြသော၊ နိုင်ငံတော်အတွက် အသက်ခန္ဓာနှင့်ဘဝများကို ပေးဆပ်ခဲ့ကြသော သူရဲကောင်းများဖြစ်ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံသူ နိုင်ငံသားများအားလုံးက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည်။

တစ်ဖက်တွင် လက်နက်ကိုင်လမ်းစဉ်ကို အသေဆုပ်ကိုင်စွဲ၍ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း၊ ပြည်သူများ ဆင်းရဲဒုက္ခရောက်စေကြောင်း တစိုက်မတ်မတ်လုပ်ကိုင်နေသည့် အကြမ်းဖက်အဖျက်သမားများ၏ အန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့နေရသည်။ အဆိုပါအန္တရာယ်များကို ဖော်ပြပါ နိုင်ငံ့သူရဲကောင်းများက အသက်ခန္ဓာပေးဆပ်၍ စွန့်လွှတ်စွန့်စား ကာကွယ်တိုက်ဖျက်နေကြသည်။ ထိုသို့တိုက်ဖျက်နေခြင်းသည် နိုင်ငံတော်အကျိုးအတွက်၊ ပြည်သူများအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းသည့် ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးမိန့်ခွန်းတွင် "အချို့သော တိုင်းရင်းသားခေါင်းဆောင်များဟာ ဖက်ဒရယ်အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးလို့ ပြောနေကြသော်လည်း ဒီမိုကရေစီရဲ့ သဘောသဘာဝကို မျက်ကွယ်ပြုပြီး ပြည်ထောင်စုပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေကြတာကိုလည်း တွေ့နေရပါတယ်။ ဖြစ်ချင်တာ၊ ဖြစ်သင့်တာများ ချင့်ချိန်စဉ်းစားပြီး ဖြစ်နိုင်တာကို ပြည်ထောင်စုအကျိုးကို မျှော်ကိုးပြီး ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ဖို့သင့်တယ်လို့ ပြောလိုပါတယ်။ ဒီလိုဘုံရည်မှန်းချက်နဲ့ လျှောက်လှမ်းကြတဲ့ လမ်းကြောင်းမတူညီတဲ့အတွက်လည်း ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေ မချုပ်ငြိမ်းသေးတာလည်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များသည် တော်လှန်ရေးခေါင်းစဉ်အမျိုးမျိုးပြပြီး ဒီမိုကရေစီစနစ်ကို လိုလားပါသည်ဟု ပြောဆိုကြသော်လည်း လက်တွေ့တွင် ကိုယ်ကျိုးအတ္တကို အခြေခံသည့် လိုအင်ဆန္ဒသက်သက်ဖြင့် လက်နက်ကိုင်ပဋိပက္ခများအား ဖန်တီးနေကြသည်ကို တွေ့ကြရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံသားအားလုံး စိတ်ဓာတ်ခိုင်ခိုင်မာမာဖြင့် ဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြဖို့လိုမည်ဖြစ်သည်။ ပြည်သူများကလည်း လက်နက်ကိုင်အဖွဲ့များအား ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ရှိစေရန် တွန်းအားပေးဖို့လိုမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင်ဖြစ်စေ၊ လူမျိုးတစ်မျိုးတွင်ဖြစ်စေ အေးချမ်းစွာရှင်သန်ရပ်တည်နိုင်ရန်အတွက် မိမိကိုယ်ကိုခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏လုပ်နိုင်ကိုင်နိုင်စွမ်းများကို မြှင့်တင်ကြရမည်ဖြစ်သည်။ ဘဝရပ်တည်ရှင်သန်ရေးကို ကိုယ်ပိုင်အစွမ်းအစများနှင့် မထိန်းသိမ်းနိုင်ပါက နိုင်ငံ၏အချုပ်အခြာအာဏာ လျော့ပါးအားနည်းလာပြီး သူတစ်ပါးလက်အောက်ခံဘဝသို့ ကျရောက်လာမည်ကို သတိချပ်ရမည်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံအဖြစ် တည်တံ့ခိုင်မြဲရေး၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရေးအတွက် နိုင်ငံသူ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်ရန်လိုမည်ဖြစ်သည်။ နိုင်ငံတော် ဘေးအန္တရာယ်ကျရောက်လာပါက နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်ပြည်သူ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ သူရသတ္တိအပြည့်အဝဖြင့် နိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းနှင့်အတူ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြမည်ဆိုသည့်စိတ်ဓာတ်များ မွေးမြူကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ကို ပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် ဖော်ဆောင်နိုင်ခဲ့သော တိုင်းချစ်ပြည်ချစ်စိတ်များကို အခြေခံပြီး ၂၀၂၅ ခုနှစ်တွင် ပြည်သူများ၏အောင်ပွဲ၊ နိုင်ငံသားအားလုံးလိုလားသည့် ဒီမိုကရေစီပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်အောင် တက်ညီလက်ညီ ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၄-၁-၂၀၂၅ ရက်နေ့ ၀၄:၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ၀၇:၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂-၁-၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၂၀၀ | ၁,၄၅၈ | ၁၂,၁၆၈,၂၀၀ |
| MTSH | ၃,၀၅၀ | ၃,၁၀၀ | ၁,၆၉၀ | ၅,၁၈၆,၅၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၃၀ | ၂၄၉,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၉၅၀ | ၄၀၃ | ၇၆၅,၉၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၈၀၃ | ၁,၃၃၄,၉၅၀ |
| AMATA | ၄,၂၀၀ | ၄,၂၀၀ | ၁၀ | ၄၂,၀၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၅၀ | ၂၃၆ | ၇၄၃,၄၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၂၀၀ | ၆၂၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၃)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



အင်းလေးရှုခင်း

ဓာတ်ပုံ - မျိုးမင်းထိုက် (ပြန်/ဆက်)

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ် မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❖ ရှေ့ဖုံးမှ

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥက္ကဋ္ဌ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က Judicial College အဆောက်အအုံအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက Judicial College အဆောက်အအုံသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Judicial College အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Judicial College နှင့်စပ်လျဉ်းသည့် Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Judicial College အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပြည်ထောင်စုတရားသူကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စု တရားသူကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးထံ Judicial College အဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက အမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာ သင်ကြားရေးဌာနတစ်ခုဖြစ်သော Judicial College အဆောက်အအုံသစ်ကြီးကို စတင်ဖွင့်လှစ်နိုင်သည့်နေ့ ဖြစ်သဖြင့် တရားစီရင်ရေးမဏ္ဍိုင်အတွက်သာမကဘဲ နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ရမည့် နေ့တစ်နေ့ ဖြစ်ကြောင်း။

**ယခုကဲ့သို့နိုင်ငံတော်ငွေ ကုန်ကျစရိတ်များစွာကျခံပြီး ခမ်းနားထည်ဝါစွာတည်ဆောက်ပေးထားသည့် Judicial College ကြီးတွင် ပြည်ပသင်တန်းသားများအပြင် မြန်မာနိုင်ငံက တရားသူကြီးအသစ်များ၊ အလယ်အလတ်အဆင့် တရားသူကြီးများ၊ အဆင့်မြင့်တရားသူကြီးများအတွက်လည်း လေ့လာသင်ယူ ဆွေးနွေးပို့ချသည့်နေရာအဖြစ် အသုံးပြုသွားမည်ဖြစ်သဖြင့် တရားသူကြီးအသီးသီး၏ စွမ်းရည်တိုးတက်ရေး အကျိုးရှိရှိထိထိရောက်ရောက် အသုံးချနိုင်မည်ဟု ယုံကြည်မျှော်လင့်**

**အမည်အမျိုးမျိုးဖြင့် တည်ထောင်ထား**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တရားရေးကဏ္ဍ မြင့်မားရေးနှင့် တရားရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးတက်ရေးအတွက် Judicial Academy, Judicial College, Judicial Training Centre စသည့် အမည်အမျိုးမျိုးဖြင့် တည်ထောင်ထားသည်ကို တွေ့ရကြောင်း၊ အဆိုပါ သင်ကြားသင်ယူမှု ဌာနများတွင် နိုင်ငံတကာတရားသူကြီးများကို ဖိတ်ခေါ်ပြီး တရားစီရင်ရေး လေ့ကျင့်သင်ကြားပေးခြင်း၊ တရားစီရင်ရေးစနစ် ထွန်းကားရန်အတွက် ညှိနှိုင်းဆွေးနွေးခြင်း၊ ဟောပြောပို့ချခြင်း၊ အပြန်အလှန် အသိပညာဖလှယ်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နေကြခြင်း တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံများအကြား တရားစီရင်ရေးဖလှယ်မှုအစီအစဉ် (Judicial Exchange Programme)သည် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဖြစ်ထွန်းစေရုံသာမကဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက်ပါ အာမခံချက်ပေးနိုင်သည့် အခွင့်အလမ်းဖြစ်သဖြင့် နိုင်ငံအတွက် အရေးပါအရာရောက်သည့် နေရာတစ်ခု ဖြစ်ကြောင်း။

ထို့ပြင် ယခုကဲ့သို့ နိုင်ငံတော်ငွေ ကုန်ကျစရိတ်များစွာကျခံပြီး ခမ်းနားထည်ဝါစွာ တည်ဆောက်ပေးထားသည့် Judicial College ကြီးတွင် ပြည်ပသင်တန်းသားများအပြင် မြန်မာနိုင်ငံက တရားသူကြီးအသစ်များ၊ အလယ်အလတ်အဆင့် တရားသူကြီးများ၊ အဆင့်မြင့်တရားသူကြီးများအတွက်လည်း လေ့လာသင်ယူ ဆွေးနွေးပို့ချသည့် နေရာအဖြစ် အသုံးပြုသွားမည်ဖြစ်သဖြင့် တရားသူကြီးအသီးသီး၏ စွမ်းရည်တိုးတက်ရေး အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

စာမျက်နှာ ၄ သို့ »»





ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ရှိ အမျိုးသမီးအိပ်ဆောင်ကို တွေ့ရစဉ်။

»»» စာမျက်နှာ ၃ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ အရ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးရှင်သန်စေရန်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁ အရ ဥပဒေပြုမှုနှင့် အုပ်ချုပ်မှုအာဏာရပ်များက တရားစီရင်ရေးအာဏာအပေါ် ဝင်ရောက်စွက်ဖက်မှုကင်းပြီး အာဏာသုံးရပ် ပိုင်းခြားခွဲဝေကျင့်သုံးမှု တတ်နိုင်သမျှဆောင်ရွက်ရန်စသည့် နိုင်ငံတော်၏တရားစီရင်ရေးဆိုင်ရာ မူများ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အပြည့်အဝလွှဲအပ်ကျင့်သုံးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

- ☆ **ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းစေရေးတွင် တရားသူကြီးများ၏ ဆင်ခြင်တုံတရား၊ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်မြင့်မားမှုများသည် အဓိကကျသကဲ့သို့ တရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဥပဓိရုပ်ကောင်းမွန်မှုသည်လည်း အရေးပါသည့်အခန်းကဏ္ဍဖြစ်**
- ☆ **တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အကောင်အထည်ဖော်ရာ၌ တရားစီရင်ရေး၏ မှန်ကန်မှုနှင့် မြန်ဆန်မှုသည် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိသည့်အတွက် တရားစီရင်ရေးကို အကောင်အထည်ဖော်ကြရသည့် တရားသူကြီးများက ကျရာနေရာမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်**

တရားစီရင်ရေးမဏ္ဍိုင် တိုးတက်ဖွံ့ဖြိုးစေရေးနှင့် ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးနေမှုများကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းစေရေးတွင် တရားသူကြီးများ၏ ဆင်ခြင်တုံတရား၊ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်မြင့်မားမှုများသည် အဓိကကျသကဲ့သို့ တရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဥပဓိရုပ်ကောင်းမွန်မှုသည်လည်း အရေးပါသည့် အခန်းကဏ္ဍဖြစ်ကြောင်း။

ထို့ကြောင့် တရားရုံးများ ဥပဓိရုပ်ကောင်းမွန်ပြည့်စုံစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ် စသည့်တရားလွှတ်တော်(High Court)များကို အသစ်ဆောက်လုပ်ပေးခဲ့သကဲ့သို့ ခရိုင်တရားရုံးငါးခုကိုလည်း အသစ်ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တရားသူကြီးအားလုံးအတွက် ဝန်ထမ်းတိုင်းခံစားခွင့်ရှိသည့် ဝတ်စုံစရိတ် (Outfit Allowance) အပြင် လုပ်ငန်းတာဝန်အရ မဖြစ်မနေဝတ်ဆင်ရသည့် ဝတ်ရုံစရိတ်များခွင့်ပြုပေးခြင်း စသည်များကိုလည်း နိုင်ငံတော်က တရားစီရင်ရေးကဏ္ဍအတွက် လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တရားစီရင်ရေးမဏ္ဍိုင် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်၏ ဆောင်ရွက်ပေးနေမှုများကို အသိပေးပြောကြားရင်း တရားစီရင်ရေးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်မှ တရားသူကြီးများကို အထူးမှာကြားလိုသည့် အချက်ရှိကြောင်း၊ **"တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကိုစီရင်ကြောင်း အများမြင်စေရာသည်"** ဆိုသော အသားကျနေသည့် စီရင်ထုံးလမ်းညွှန်ချက်အတိုင်း ဖြစ်စေရန်နှင့် တရားသူကြီးများသည် အမှန်တရားကို ချစ်မြတ်နိုးရန်၊ နိုင်ငံအတွက်၊ အများပြည်သူအတွက် စိတ်ကောင်းစေတနာထားရန်၊ အရည်အချင်းရှိသည့် တရားသူကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့တွင် **"တရားဥပဒေစိုးမိုးရေး"** ကို အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို အတိအလင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အကောင်အထည်ဖော်ရာ၌ တရားစီရင်ရေး၏ မှန်ကန်မှုနှင့် မြန်ဆန်မှုသည် အရေးပါသည့်အခန်းကဏ္ဍတွင်ရှိသည့်အတွက် တရားစီရင်ရေးကို အကောင်အထည်ဖော်ကြရသည့် တရားသူကြီးများက ကျရာနေရာမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

**ယုံကြည်စိတ်ချရသည့် တရားစီရင်ရေး အကာအကွယ်ရှိသော ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည့် နိုင်ငံအဖြစ် ပြသနိုင်မှုများ ဖော်ဆောင်နိုင်အောင် ဆောင်ရွက်**

Judicial College အဆောက်အအုံသစ်ကြီး တည်ထောင်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအတိုင်း ယခုကျောင်းတော်ကြီးမှနေ၍ အာဆီယံအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် နှစ်နိုင်ငံတရားစီရင်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့်နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်စိတ်ချရသည့် တရားစီရင်ရေး အကာအကွယ်ရှိသော ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည့် နိုင်ငံအဖြစ် ပြသနိုင်မှုများ ဖော်ဆောင်နိုင်အောင် ဆောင်ရွက်ပေးကြရန်၊ တရားမျှတခြင်း၊ လွတ်လပ် ခြင်းနှင့် ညီမျှခြင်းဆိုသည့် လောကပါလတရားများ ဖြစ်ထွန်းစေသည့် မြန်မာ့တရားစီရင်ရေးသည် အာဆီယံမှာသာမက ကမ္ဘာကပါ လေးစားဂုဏ်ယူရသည့် တရားစီရင်ရေးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုတရားသူကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Judicial College အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ကို တွေ့ရစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာ့လယ်ယာထွက်ကုန်စည်များ ပြည်ပသို့ တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများ ပူးပေါင်းရင်းနှီးမြှုပ်နှံ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာ့လယ်ယာထွက် ကုန်စည်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် သီလဝါဆိပ်ကမ်းဇရိယာ အကွက်အမှတ်(၂၇)၊ (၂၈)နှင့် (၂၉)တို့တွင် ကောက်ပဲသီးနှံနှင့် စားသုံးဆီတင်၊ ချဆိပ်ကမ်းတံတားသစ်များ တည်ဆောက်ရေးနှင့် ဆူးလေဆိပ်ကမ်းတံတားနှင့် သိုလှောင်ရုံအမှတ်(၁၊ ၂၊ ၃ နှင့် ၄)တို့တွင် အမိုးအကာပါ ကွန်ဗေယာစနစ် (Sheltered Conveying System) တပ်ဆင်ရေးလုပ်ငန်းများကို ပူးပေါင်းရင်းနှီးမြှုပ်နှံ တိုးချဲ့ တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာ(Memorandum Of Agreement)များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Novotel Yangon Max ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းနှင့် ဆက်စပ်ကုမ္ပဏီများ၊ Myanmar China Harbour Engineer-ing (MCHEC)ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်ဆိပ်ကမ်းအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တင်ပို့မှု တန်ချိန် ၁ ဒသမ ၇ သန်းသာရှိခဲ့သော်လည်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ကိုးလတာကာလအတွင်း တန်ချိန် ၂ ဒသမ ၁ သန်းအထိ တင်ပို့ထားခဲ့ပြီးဖြစ်ကြောင်း၊ ပြောင်းတင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၃ သန်းခန့်သာရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ကိုးလအတွင်း တန်ချိန် ၁ ဒသမ ၆ သန်းခန့်အထိ တိုးတက်ကိုင်တွယ်လာရသည့်အတွက် အထွေထွေကုန်စည်ကိုင်တွယ်မှုအပိုင်းတွင် ဆိပ်ကမ်းတံတားများ လိုအပ်လာသည့်အပြင် အလုပ်တွင်စေမည့် ခေတ်မီကုန်ကိုင်တွယ်စက်ကိရိယာများကို မဖြစ်မနေတပ်ဆင်အသုံးပြုပြီး စွမ်းဆောင်နိုင်မှု (Productivity) ကိုမြှင့်တင်ဆောင်ရွက်ရန်လိုအပ်လာပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေး အထောက်အကူပြုလုပ်ငန်းစဉ်အဖြစ် ယခုလိုဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများကို တိုးချဲ့တည်ဆောက်ထားနိုင်ခြင်းဖြင့် တိုးတက်လာမည့် ကုန်သွယ်မှုပမာဏကို နိုင်နင်းစွာ ကိုင်တွယ်နိုင်ရန်အတွက် အဆင်သင့်ဖြစ်မှု (Readiness)ကို ရရှိစေနိုင်မည်ဖြစ်သည့်အတွက် ယခုစီမံကိန်းလုပ်ငန်းလေးခုစလုံးကို နှစ်ဖက်အောင်မြင်စွာ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရန်လိုကြောင်းနှင့် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် အစိုးရ-ပုဂ္ဂလိက(G2B)၊ ပုဂ္ဂလိက-ပုဂ္ဂလိက (B2B) ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမို၍ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

သီလဝါအကွက်အမှတ်(၂၇)၌ စားသုံးဆီဆိပ်ကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာအက်ဒီဘယ်(လ်)အွိုင်း(လ်) အင်ဒတ်စထရီရယ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MEICO) နှင့် MCHEC၊ သီလဝါဆိပ်ကမ်း အကွက်အမှတ်(၂၈)၌ ကောက်ပဲသီးနှံ ဆိပ်ကမ်းတံတားတည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက်(MAPCO)နှင့် MCHEC၊ သီလဝါဆိပ်ကမ်း အကွက်အမှတ်(၂၉)၌ ကောက်ပဲသီးနှံဆိပ်ကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်(MAGDPL)နှင့် MCHEC၊ ဆူးလေသိုလှောင်ရုံ အမှတ်(၁၊ ၂၊ ၃၊ ၄)တို့နှင့် ဆိပ်ကမ်းတံတားများတွင် အမိုးအကာပါ ကွန်ဗေယာစနစ်(Sheltered Conveying System)တပ်ဆင်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် MCHEC တို့အကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြပြီး စီမံကိန်းများ၏ ကနဦး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၁ သန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဖူလုံရေးအကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် တော်ဝင်နဂါးရောဂါရှာဖွေရေးစင်တာတို့ပူးပေါင်း၍ လူမှုဖူလုံရေးအကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units) ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ယာဉ်ရပ်နားဝင်း၌ ပြုလုပ်သည်။

**ကြည့်ရှုအားပေး**

ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ဆေးဝါးကုသမှု၊ ခာတ်ခွဲစစ်ဆေးမှု၊ နှလုံးအတွက် ECG စစ်ဆေးခြင်းအပါအဝင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

လူမှုဖူလုံရေး အဖွဲ့အနေဖြင့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျန်းမာရေး စောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၈ ခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၈ ခန်း၊ မီးဖွားဝန်ဆောင်မှုပေးသော စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌လည်း မြို့နယ်လူမှုဖူလုံရေးဆေးခန်း နှစ်ခန်း၊ ဌာနကြီးဆေးခန်း လေးခန်း၊ စာချုပ်ဆေးခန်း လေးခန်း၊ သားဖွားမီးယပ် ပြင်ပလူနာကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်းသုံးခန်းတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း ပထမအကြိမ် စီမံချက်အနေဖြင့် လူမှုဖူလုံရေးအကျိုးဝင် အလုပ်ဌာန ၂၃၉ ဌာနမှ အာမခံအလုပ်သမား ၁၈၆၃၁ ဦးတို့ကို ဇန်နဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၂၇ ရက်အထိ ကျန်းမာရေး စောင့်ရှောက်မှုများ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့

ဝင်းဇော်(ရေနံဓာတု)

စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းစက်သုံးဆီဖူလုံစေရေး၊ စက်သုံးဆီလိုအပ်ချက်များ အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေး အစီအမံများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း စွမ်းအင်ဆိုင်ရာ စာရင်းအင်းအချက်အလက်များအရ ပြည်တွင်းစက်သုံးဆီသုံးစွဲမှု၏ ၉၇ ရာခိုင်နှုန်းခန့်ကို ပြည်ပမှတင်သွင်းပြီး ၃ ရာခိုင်နှုန်းခန့်ကို ပြည်တွင်းမှထုတ်လုပ်သုံးစွဲလျက်ရှိပါသည်။ ပြည်ပမှစက်သုံးဆီတင်သွင်းမှု လျှော့ချနိုင်ရန်အတွက် စက်သုံးဆီများ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချနိုင်ရေး စီမံကိန်း Plan များ အသီးသီးချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အရည်အသွေးမြင့်စက်သုံးဆီ (ဒီဇယ်၊ ဓာတ်ဆီ)များ စီးပွားဖြစ်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးနိုင်ရေးအတွက် ရေနံချက်စက်ရုံအသစ်များ တည်ဆောက်ခြင်း၊ စက်ရုံအဟောင်းများ Upgrade ပြုလုပ်၍ စက်စွမ်းအားပြည့်လည်ပတ်ခြင်းများပါဝင်လာရာ သန်လျင်ရေနံချက်စက်ရုံအား စက်ရုံအသစ်တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေခြင်း၊ ပြည်တွင်းရေနံစိမ်းများကို တိုးမြှင့်ထုတ်လုပ်ရန် လျာထားချက်များချမှတ်ပြီး တိုးမြှင့်ရရှိလာသော ရေနံစိမ်းအား ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)နှင့် ချောက်ရေနံချက်စက်ရုံတို့တွင် ချက်လုပ်ခြင်းနှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်) ရေနံချက်စက်ရုံအနီး Euro V အဆင့်ရှိ ဓာတ်ဆီ၊ ဒီဇယ်များ ထုတ်လုပ်နိုင်မည့် ရေနံချက်စက်ရုံအသစ် တည်ဆောက်ခြင်းစသည့် ပြည်တွင်း ပြည်ပ စွမ်းအင်ကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် Energy Strategy အလှည့်အပြောင်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။




၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လအလိုက်ပင်လယ်ရေကြောင်းမှ စက်သုံးဆီတင်သွင်းခဲ့မှု အခြေအနေ

ပြည်တွင်းမှထွက်ရှိသော ရေနံစိမ်းများကို ချက်လုပ်သည့် ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) ရေနံချက်စက်ရုံမှထွက်ရှိသည့် (ဓာတ်ဆီ၊ ရေနံဆီ၊ ဒီဇယ်ဆီ၊ ရေနံချေး)တို့အနက်မှ ဓာတ်ဆီအား ယခင်ကပုဂ္ဂလိကလုပ်ငန်းရှင်များထံ တင်ဒါရောင်းချခဲ့ရာမှ ယခုအခါ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းပိုင် စက်သုံးဆီအရောင်းဆိုင်များတွင် ပြင်ပပုဂ္ဂလိကဆိုင်များ ရောင်းချနေသောဈေးနှုန်းထက် သက်သာသောဈေးနှုန်းဖြင့် ပြည်သူလူထုထံတိုက်ရိုက်ရောင်းချဖြန့်ဖြူးပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်ဖြင့် စီမံဆောင်ရွက်ခဲ့ပါသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ သို့လှောင်ဖြန့်ဖြူးရေးဌာနကြီးလက်အောက်ရှိ ဓာတ်ဆီအရောင်းဆိုင်များဖြစ်သည့် မန္တလေးဓာတ်ဆီအရောင်းဆိုင်အမှတ်(၀၆၁၁)၊ (၀၆၁၄) နှစ်ဆိုင်နှင့် နေပြည်တော်(ပျဉ်းမနား) ဓာတ်ဆီအရောင်းဆိုင်အမှတ်(၀၃၅၄) စုစုပေါင်းသုံးဆိုင်တို့အား ပြန်လည်ဖွင့်လှစ်ပြီး မော်တော်ဆိုင်ကယ်နှင့် သုံးဘီးမော်တော်ဆိုင်ကယ်မောင်းဆီများအား ဒေသန္တရပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ရောင်းချပေးမည့် ဓာတ်ဆီ၏ အောက်တိန်းနံပါတ်မှာ (RON-68) ရှိပါသည်။

အထက်ပါ ဓာတ်ဆီအရောင်းဆိုင် (၃)ဆိုင်အပြင်တောင်ငူမြို့ ဟင်းငုတ်ပင်ဓာတ်ဆီအရောင်းဆိုင်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ဓာတ်ဆီအရောင်းဆိုင်များကိုလည်း ဆက်လက်ဖွင့်လှစ်ရောင်းချပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးတွင်လည်း ပြည်သူလူထုများ ဈေးနှုန်းချိုသာစွာတိုက်ရိုက် ဝယ်ယူရရှိနိုင်ရေး ဆက်လက်တိုးချဲ့ဖွင့်လှစ်ရန် Plan များချ၍ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။



ဝန်ကြီးဌာနပိုင် ဓာတ်ဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းဖြင့်

- အသေးစား၊အလတ်စား စက်မှုလုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေး လွယ်ကူလာခြင်း၊
- ပြည်သူလူထုများ နေ့စဉ် ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များမှ ကြီးမားသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲရမည့်အစား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲလာနိုင်သည့်အတွက် ဓာတ်ဆီဖိုးကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေအထိုက်အလျောက် အထောက်အပံ့ရရှိခြင်း၊
- ဆီစားနှုန်းသက်သာ၍ ကြာရှည်အမောင်းခံခြင်း
- ဓာတ်ဆီဆိုင်တွင် တန်းစီစောင့်ဆိုင်း၍ ဆီဖြည့်ရသည့် အချိန်မကုန်ခြင်းကြောင့် အဘက်ဘက်တို့တွင် နှောင့်နှေးကြန့်ကြာမှု မရှိခြင်း၊
- လုပ်ငန်းခွင်တွင် လုပ်ငန်းတာဝန်များ စိတ်ကြည်လင်စွာ လုပ်ဆောင်နိုင်ခြင်း၊
- ပြည်တွင်းထွက် ဓာတ်ဆီအသုံးပြုခြင်းဖြင့် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရသည့် နိုင်ငံခြားသုံးငွေ အထိုက်အလျောက် လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ခံစားကြရမည် ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ဖူလုံမှုရှိစေရေးတို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် လေ၊ နေ၊ ရေ၊ ဘူမိအပူနှင့် ဇီဝစွမ်းအင်များ ထုတ်လုပ်သုံးစွဲနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ရာ လယ်ယာထွက်သီးနှံနှင့် ဘေးထွက်ပစ္စည်းများ၊ အခြားဇီဝအရင်းအမြစ်များမှ ထုတ်လုပ်ရရှိနိုင်သော ဇီဝလောင်စာဆီများအား ပြည်တွင်းထုတ်ဓာတ်ဆီ (သို့မဟုတ်)ပြည်ပမှတင်သွင်းသော ဓာတ်ဆီတို့ဖြင့် သတ်မှတ်အချိုးအစားအတိုင်း ရောစပ်ကာ ပြည်တွင်း၌ ကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း၌ ဓာတ်ဆီများအား ရေမဲ့အီသနောရောစပ်၍ အသုံးပြုမည်ဆိုပါက အခြားဒေသတွင်း နိုင်ငံများကဲ့သို့ ရုပ်ကြွင်းလောင်စာ စက်သုံးဆီ(Fossil Fuel) အသုံးပြုခြင်းအား လျှော့ချ၍ ဇီဝလောင်စာစက်သုံးဆီ (Bio Fuel) အသုံးပြုခြင်းများ တိုးမြှင့်လာစေခြင်း၊ ရေမဲ့အီသနောအား ဓာတ်ဆီနှင့်ရောနှောသုံးစွဲခြင်းဖြင့် နိုင်ငံ၏နှစ်စဉ်စက်သုံးဆီကဏ္ဍလိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ခြင်း၊ ပြောင်း၊ ကြံ၊ ဆန်ကွဲ စသည့်ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သည့် ရေမဲ့အီသနောအဖြစ် ထုတ်လုပ်အသုံးပြုနိုင်ခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးအားမြှောက်ပြုနိုင်ခြင်း၊ ပြည်ပမှဝယ်ယူရသော စက်သုံးဆီပမာဏအား လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုလျော့နည်းစေပြီး ပြည်သူများ၏ ဝင်ငွေများ ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်းတို့ကြောင့် ယခုဖွင့်လှစ်ရောင်းချသော နိုင်ငံပိုင်စက်သုံးဆီဆိုင်များမှစတင်၍ နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ဇီဝလောင်စာဆီ စက်သုံးဆီများကိုပါ ရောင်းချသွားနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြည်သူလူထုအား အသိပေးအပ်ပါသည်။ ။

> မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ဖူလုံမှုရှိစေရေးတို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် လေ၊ နေ၊ ရေ၊ ဘူမိအပူနှင့် ဇီဝစွမ်းအင်များ ထုတ်လုပ်သုံးစွဲနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ရာ လယ်ယာထွက်သီးနှံနှင့် ဘေးထွက်ပစ္စည်းများ၊ အခြားဇီဝအရင်းအမြစ်များမှ ထုတ်လုပ်ရရှိနိုင်သော ဇီဝလောင်စာဆီများအား ပြည်တွင်းထုတ်ဓာတ်ဆီ(သို့မဟုတ်)ပြည်ပမှတင်သွင်းသော ဓာတ်ဆီတို့ဖြင့် သတ်မှတ်အချိုးအစားအတိုင်း ရောစပ်ကာ ပြည်တွင်း၌ ကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ဇန်နဝါရီလ ၄ ရက်နေ့တွင် ဖွင့်လှစ်ရောင်းချမည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၃၅၄)ကို တွေ့ရစဉ်။

# တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၇) ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးရဲနိုင်၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တက္ကသိုလ်၊ ကောလိပ်များရှိ သင်ကြားရေး ဆရာ ဆရာမများ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းနှင့် သက်ဆိုင်သော ဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်၊ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန်နှင့် အခြေခံစစ်ပညာကို နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး အလေးထား ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။



အဆိုပါ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၇)တွင် သင်တန်းသား ၅၈ ဦး သင်တန်းသူ ၂၉၃ ဦး စုစုပေါင်း ၃၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှစ၍ ဇန်နဝါရီ ၃၁ ရက်အထိဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကင်း ပညာရေးဒီဂရီကောလိပ်များရှိ ဆရာ ဆရာမများအား Leadership and Management သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကင်း ဇန်နဝါရီ ၂

ရန်ကင်းမြို့နယ် ရန်ကင်း ပညာရေးဒီဂရီကောလိပ်တွင် ရန်ကုန် တိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန ဆရာအတတ်သင်ပညာဦးစီးဌာန ပညာရေး ဒီဂရီကောလိပ်များမှ ဒုတိယကျောင်းအုပ်ကြီးများနှင့် သင်ကြားရေး စီမံဝန်ထမ်းများအတွက် Leadership and Management သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကင်း ပညာရေးဒီဂရီကောလိပ်ရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။



ဦးစွာ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် (ငြိမ်း) ဒေါက်စိုးဝင်းက သင်တန်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ ဆရာအတတ်သင်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးဖြူဇင်က ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ရန်အတွက် ကျင့်သုံးလိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ရဲလေး (ပြန်/ဆက်)

■

# မြန်မာ- ဂျပန် ချစ်ကြည်ရေးအသင်း ဖွဲ့စည်းပြီးစီး

နေပြည်တော် ဇန်နဝါရီ ၂

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရန်နှင့် နှစ်နိုင်ငံအကြား လူမှုစီးပွားဆက်ဆံမှု ပိုမိုမြင့်မားခိုင်မာတိုးတက်စေရေး ကူညီဆောင်ရွက်ပေးရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို အရင်းခံ၍ နှစ်နိုင်ငံပြည်သူများကြား ကူးလူးဆက်ဆံမှုကို ကဏ္ဍအားလုံး ဆက်လက်တိုးမြှင့် ဆက်ဆံသွားနိုင်ရန်နှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန်အတွက် လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ဂျပန်အစိုးရအပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်သည့် ဘက်စုံအထောက်အကူပေးမှု စီမံကိန်းများနှင့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ပေးရန်အတွက်လည်းကောင်း စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသော မြန်မာ – ဂျပန် ချစ်ကြည်ရေးအသင်း( Myanmar – Japan Friendship Association)သည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်လျှောက်ထားခဲ့ရာ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ပြည်တွင်းအသင်းအဖွဲ့(ယာယီ) မှတ်ပုံတင်လက်မှတ် အမှတ် “ ပြည်တွင်း / ၀၂၂၆ ( ၂၀၂၂ )” ဖြင့် ထုတ်ပေးခဲ့ပြီးဖြစ်သည်။

မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းသည် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်း ရွှေဇမ္ဗူရေးဗားဗျူးကွန်ဒို အမှတ် ၂၃ ( ဂျီ – ၁ ) ပထမထပ်၌ ဖွင့်လှစ်ထားရှိ၍ မြန်မာ-ဂျပန် ချစ်ကြည်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း ဆောင်ရွက်

ကျုံပျော် ဇန်နဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ကျုံပျော်မြို့နယ် ညောင်ပင်ကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်မိုး၊ ခရိုင်အမျိုးသမီးရေးရာနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား တီဘီရောဂါ လက္ခဏာများနှင့် တီဘီရောဂါ ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခြင်း၊ တီဘီရောဂါဖြစ်ပွားစေတတ်သော အကြောင်းအရာများအား ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျုံပျော်မြို့နယ်အတွင်းရှိ အခြေခံ



ပညာကျောင်း ၂၅၂ ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသုံးကျောင်းတို့ရှိ ကျောင်းသား ကျောင်းသူများ တီဘီရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် တီဘီရောဂါ စောစီးစွာ ရှာဖွေဖော်ထုတ် ကုသနိုင်ရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိ ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများက ကွင်းဆင်းရှာဖွေစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

ပုသိမ် ဇန်နဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ယနေ့ မွန်းလွဲ ၃ နာရီခွဲက ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ဝင်း၊ ဒုတိယဦးစီးမှူး ဦးအောင်တင်နှင့် ဝန်ထမ်းများက အခြေခံပညာအထက်တန်းကျောင်း (သာပေါင်း)ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား သတင်းစကား လက်ကမ်းစာစောင် ၂၅၀ ခန့် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကလေးမြို့၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်

ကလေး ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြေ့အောင် စည်ရပ်ကွက် နယ်မြေ(၉) မိုးလင်းရှောင်စောန်း ဘုရားကျောင်း၌ ကျင်းပသည်။



ဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က အမှာစကားပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းအောင်မော်က သင်တန်းဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် ရှေ့ဆက် ဖွင့်လှစ်သွားမည့် အခြေအနေများကို ပြောကြားပြီး မိုးလင်းရှောင်စောန်းဘုရားကျောင်း ဆရာတော်ကြီး ဦးကမ်းဆွန်းမန်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀ အား စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဆိုက်ဘာလုံခြုံရေးဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

(ဂ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ဆက်စပ်စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ် သို့မဟုတ် အကျိုးအမြတ်ရယူဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း။

၃၁။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ဝန်ဆောင်မှုပေးသည့် ပလက်ဖောင်းတွင် အောက်ပါအချက်တစ်ရပ်ရပ်ဖြစ်ပေါ်ပါက ယင်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်နှင့် ဆိုက်ဘာအရင်းအမြစ်ကို သိရှိနိုင်ရန် လုံလောက်သောအစီအမံများထားရှိရမည်–

(က) အမုန်းတရားကိုဖြစ်စေသော၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော သို့မဟုတ် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော သတင်းအချက်အလက်များဖြစ်ပေါ်ခြင်း၊

(ခ) မမှန်သတင်း သို့မဟုတ် ကောလာဟလသတင်းများဖြစ်ပေါ်ခြင်း၊

(ဂ) အများပြည်သူကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို ဖော်ပြခြင်း၊

(ဃ) လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့်ဖော်ပြသော ကလေးသူငယ်၏ ညစ်ညမ်းပုံ၊ ညစ်ညမ်းဗီဒီယို၊ စာသားများ သို့မဟုတ် သင်္ကေတများကို တစ်နည်းနည်းဖြင့် ဖော်ပြခြင်း၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည့် သတင်းအချက်အလက်များကို ဖော်ပြခြင်း သို့မဟုတ် ဥပဒေနှင့်မညီသော ပြုလုပ်မှုကို ပြုလုပ်ခြင်း၊

(စ) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လူမှုရေး သို့မဟုတ် စီးပွားရေးကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ဖော်ပြသော သတင်းအချက်အလက်နှင့်စပ်လျဉ်းသည့် တိုင်ကြားချက်ဖြစ်ပေါ်ခြင်း၊

(ဆ) မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တိုင်ကြားချက်ဖြစ်ပေါ်ခြင်း၊

(ဇ) အကြမ်းဖက်မှုဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ ကျူးလွန်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်း။

၃၂။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ပုဒ်မ ၃၁ ပါ အချက်တစ်ရပ်ရပ် ဖြစ်ပေါ်ကြောင်း တစ်နည်းနည်းဖြင့် သိရှိလျှင်ဖြစ်စေ၊ ဦးစီးဌာနက အကြောင်းကြားလျှင်ဖြစ်စေ ၎င်းတို့ကို တားဆီးခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ အချိန်မီ ဆောင်ရွက်ရမည်။

၃၃။ ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ဝန်ဆောင်မှုကို ရယူအသုံးပြုသူနှင့် သက်ဆိုင်သော အောက်ပါအချက်အလက်များကို သုံးနှစ်အထိ ထိန်းသိမ်းထားရမည် –

(က) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ ကိုယ်ရေးအချက်အလက်များ၊

(ခ) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ အသုံးပြုမှုမှတ်တမ်းများ၊

(ဂ) ဦးစီးဌာနက အခါအားလျော်စွာသတ်မှတ်သော အချက်အလက်များ။

၃၄။ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အခွင့်အာဏာ ရရှိထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ပုဒ်မ ၃၃ ပါ အချက်အလက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ စာဖြင့်တောင်းခံလျှင် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးရမည်။

၃၅။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် သက်ဆိုင်ရာလုပ်ငန်းကော်မတီက ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ဆိုက်ဘာအလွဲအသုံးပြုခြင်း

၃၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းများမှအပ ဆိုက်ဘာအရင်းအမြစ်ကိုဖြစ်စေ၊ ကွန်ပျူတာစနစ်၏ ဆောင်ရွက်နိုင်မှုကိုဖြစ်စေ ထိခိုက်စေရန် ခွင့်ပြုပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းသည် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်သည် –

(က) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်ကိုဖြစ်စေ၊ ယင်းတို့၏ အခြေအနေ သို့မဟုတ် အရည်အသွေးကိုဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်ကို ရောင်းချခြင်း၊ မူလနေရာမှ အခြားနေရာသို့ဖြစ်စေ၊ အခြားဆိုက်ဘာအရင်းအမြစ် သို့မဟုတ် သိမ်းဆည်းနိုင်သည့် ပစ္စည်းတစ်ခုခုသို့ဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ကူးယူခြင်း၊

(ဂ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို မရိုးမဖြောင့်သောသဘောဖြင့် ရယူခြင်း၊ ဆောင်ရွက်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဃ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲစေခြင်း၊ စွမ်းဆောင်ရည် ထိခိုက်စေခြင်း သို့မဟုတ် မူလအနေအထားကို တစ်နည်းနည်းဖြင့် ပြောင်းလဲစေခြင်း၊

(င) ကွန်ပျူတာစနစ်ကိုဖြစ်စေ၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကိုဖြစ်စေ ထိန်းချုပ်ခြင်း သို့မဟုတ် ချိတ်ဆက်ထိန်းချုပ်ခြင်း၊

(စ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက် တစ်ရပ်ရပ်ကို မရိုးမဖြောင့်သောသဘောဖြင့် အချက်အလက်ဆန်းစစ်ခြင်း။

## အခန်း (၁၁)
## ဆိုက်ဘာမှုခင်းများဖော်ထုတ်ခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်းများအား ကာကွယ်ခြင်း

၃၇။ ဤဥပဒေအရ ဦးစီးကော်မတီက ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများသည် ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် –

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးခြင်း၊

(ခ) ဆိုက်ဘာမှုခင်းများကို စုံစမ်းဖော်ထုတ်ရာတွင် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအား အကူအညီပေးခြင်းနှင့် ဆိုက်ဘာမှုခင်းများ၏ အန္တရာယ်ကို အကဲဖြတ်ခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်မှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲအန္တရာယ်များ မဖြစ်ပေါ်စေရန် ကာကွယ်တားဆီးခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာ အလွဲအသုံးပြုခြင်းဖြစ်စဉ်ဖြစ်ပေါ်နိုင်မှု အလားအလာနှင့် ဖြစ်ပွားလာပါက သက်ရောက်နိုင်မှု အလားအလာတို့ကို အကဲဖြတ်ခြင်း၊

(င) သက်ဆိုင်ရာကဏ္ဍအလိုက် ဆိုက်ဘာလုံခြုံရေးအဆင့်၏အားသာချက်နှင့် အားနည်းချက်တို့ကိုစောင့်ကြည့်အကဲဖြတ်ပြီး ဆိုက်ဘာလုံခြုံရေးအဆင့်မြှင့်တင်နိုင်ရေး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို အကြံပြုခြင်း၊

(စ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့ကို စိစစ်ဖော်ထုတ်အရေးယူခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူ၏ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကဲဖြတ်ခြင်း၊

(ဇ) အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းများအတွက် နည်းပညာအကူအညီပေးခြင်း။

၃၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်း ဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟုယူဆရသော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံမှ ဆိုက်ဘာအရင်းအမြစ်ကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းပြီး အချက်အလက်ဆန်းစစ်ခြင်း ပြုလုပ်နိုင်သည် –

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသော ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြုသူ သို့မဟုတ် အသုံးပြုခဲ့သည်ဟု သံသယရှိသူ၊

(ခ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဆက်စပ်မှုရှိသူ။

၃၉။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဆိုက်ဘာအရင်းအမြစ်ကို အချက်အလက် ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းတို့ ပြုလုပ်ပြီးပါက ယင်းဆိုက်ဘာအရင်းအမြစ်ကို အပ်နှံသူထံ သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးအပ်ရမည်။

၄၀။ ဝန်ကြီးဌာနသည် အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းတို့ကို ကာကွယ်တားဆီးရေးအတွက် ကြိုတင်သိရှိနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အချက်အလက်ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်ရန် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်အား တာဝန်ပေးအပ်နိုင်သည်။

၄၁။ ဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် ပုဒ်မ ၄၀ အရ အချက်အလက် ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးပေးရမည်။

၄၂။ ဝန်ကြီးဌာနသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများအတွက်သော်လည်းကောင်း၊ အများပြည်သူတို့၏အကျိုးအတွက်သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ညှိနှိုင်းလာလျှင်သော်လည်းကောင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို လိုအပ်ပါက ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် –

(က) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ယာယီပိတ်ပင်ခြင်း၊

(ခ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်သောပစ္စည်းများကို ယာယီထိန်းချုပ်ခြင်း၊

(ဂ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အား ပိတ်သိမ်းခြင်း သို့မဟုတ် အများပြည်သူအသုံးပြုရန်မသင့်ကြောင်း ကြေညာခြင်း။

၄၄။ အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း ဗီပီအန်ကို ထူထောင်ခြင်း သို့မဟုတ် ဗီပီအန် ဝန်ဆောင်မှုပေးခြင်း ပြုလုပ်လိုသူသည် သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာန၏ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း (၁၂)
## သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် ကျွမ်းကျင်သူ၏ သက်သေခံချက်တင်သွင်းခြင်း

၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းဆိုင်ရာကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန် အီလက်ထရောနစ် သက်သေခံပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းနိုင်သည်။

၄၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဆိုက်ဘာမှုခင်းကို စုံစမ်းဖော်ထုတ်ရာတွင် စုံစမ်းစစ်ဆေးသော ကိစ္စရပ်နှင့် သက်ဆိုင်သည်ဟု ယူဆရသော ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ သိမ်းဆည်းပြီး အချက်အလက်ဆန်းစစ်ခြင်း သို့မဟုတ် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်နိုင်သည်။

၄၇။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အီလက်ထရောနစ် သက်သေခံ ပစ္စည်းများကို ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းတို့ ဆောင်ရွက်နိုင်ရန် အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်း သို့မဟုတ် ဒီဂျစ်တယ်ဓာတ်ခွဲခန်းတို့ကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်နိုင်သည်။

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

၄၈။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသော အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ခေတ်ခွဲခန်းများအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းရေးနှင့် နည်းပညာအကူအညီရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးရမည်။

၄၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အီလက်ထရောနစ်သက်သေခံပစ္စည်းများကို အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်း သို့မဟုတ် ဒီဂျစ်တယ်ခေတ်ခွဲခန်းသို့ပေးပို့၍ အချက်အလက်ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ဆောင်ရွက်ပြီး ရရှိလာသည့် စစ်ဆေးတွေ့ရှိချက်ရလဒ် အစီရင်ခံစာနှင့် ထင်မြင်ချက်အား ဦးစီးကော်မတီ သို့မဟုတ် သက်ဆိုင်ရာတရားရုံးသို့ သတ်မှတ်ချက်နှင့်အညီ ကျွမ်းကျင်သူ၏ သက်သေခံချက်အဖြစ် သက်သေခံတင်သွင်းနိုင်သည်။

၅၀။ (က) အီလက်ထရောနစ် စာတမ်းအမှတ်အသားအဖြစ် သက်သေခံတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပွားပါက အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရမည်။

(ခ) အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်ရလဒ် အစီရင်ခံစာနှင့် ထင်မြင်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။

## အခန်း (၁၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၁။ ဦးစီးဌာနသည် ပုဒ်မ ၂၉ သို့မဟုတ် ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၂။ ဦးစီးဌာနသည် ပုဒ်မ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄ သို့မဟုတ် ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းနှင့် အမည်ပျက်စာရင်း ကြေညာခြင်း။

၅၃။ ဦးစီးကော်မတီသည် ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော သို့မဟုတ် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို ဖျက်သိမ်းပြီး ယင်းအဖွဲ့၏ ရန်ပုံငွေအပါအဝင် အဖွဲ့ကပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## အခန်း (၁၄)
## အယူခံခြင်း

၅၄။ ဦးစီးဌာနက ပုဒ်မ ၂၁ အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပုဒ်မ ၂၃ အရ လိုင်စင်သက်တမ်းတိုးပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပုဒ်မ ၂၅ အရ မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း၊ ပုဒ်မ ၂၇ အရ မှတ်ပုံတင်သက်တမ်းတိုးရန် ငြင်းပယ်ခြင်းကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၅။ ပုဒ်မ ၅၁ သို့မဟုတ် ၅၂ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုတစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၇။ ပုဒ်မ ၅၆ အရ ဝန်ကြီးဌာနကချမှတ်သော ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

၅၈။ ဗဟိုကော်မတီသည် ပုဒ်မ ၅၇ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၉။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

## အခန်း (၁၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၆၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန်တာဝန်ရှိသူသည် ပုဒ်မ ၁၇ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ မည်သူမဆို အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ အီလက်ထရောနစ်သတင်းအချက်အလက်အား ခွင့်ပြုချက်မရှိဘဲ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ ထိခိုက်စေခြင်း၊ ဥပဒေနှင့်မညီဘဲ ပေးပို့ခြင်း၊ အသုံးပြုခြင်း၊ ဖြန့်ဝေခြင်း၊ ထုတ်ဖော်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတို့ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် ကြိုးပမ်းအားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်မရှိဘဲ ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် –

(က) ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံးခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၃။ မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်သက်တမ်းတိုးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ နိုင်ငံတော်အတွင်း အသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မှတ်ပုံတင်ခြင်းမရှိဘဲ ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်သိန်းတစ်ထောင်အောက် မလျော့သော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၅။ မည်သူမဆို ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို မှတ်ပုံတင်သက်တမ်းတိုးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်းငါးရာအောက် မလျော့သော ငွေဒဏ်ချမှတ်ရမည်။

၆၆။ မည်သူမဆို ပုဒ်မ ၃၆ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ) ပါ ဆိုက်ဘာအလွဲအသုံးပြုခြင်းတစ်မျိုးမျိုးကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၃၆ ပုဒ်မခွဲ (င) သို့မဟုတ် (စ) ပါ ဆိုက်ဘာအလွဲအသုံးပြုခြင်း တစ်မျိုးမျိုးကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးကို ပြုလုပ်ရန် ခိုင်းစေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် –

(က) ဆိုက်ဘာအရင်းအမြစ်ကို ပျက်စီးစေနိုင်သော လုပ်ဆောင်မှုများ ဆောင်ရွက်ခြင်း သို့မဟုတ် မောလ်ဝဲရ် (Malware) ထည့်သွင်းခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ခ) ဆိုက်ဘာအရင်းအမြစ်အား ရယူပိုင်ခွင့်ရှိသူကို ယင်းစနစ်အတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိစေရန် ပြုလုပ်ခြင်း၊

(ဂ) ဆိုက်ဘာအရင်းအမြစ်အတွင်းရှိ သတင်းအချက်အလက်ကို ဖျက်ဆီးခြင်း၊ ဖယ်ထုတ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ယင်း၏အသုံးဝင်မှုကို ယုတ်လျော့စေခြင်း သို့မဟုတ် အကျိုးသက်ရောက်မှုကို ထိခိုက်စေခြင်း၊

(ဃ) ကွန်ပျူတာရှိ ပင်ရင်းကုဒ်သင်္ကေတ (Source Code) များကို ပျက်စီးစေရန်ရည်ရွယ်၍ ခိုးယူခြင်း၊ အသုံးပြုခွင့်မရအောင် ပြုလုပ်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊

(င) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ လိမ်လည်လှည့်ဖြားခြင်း၊

(စ) အခြားသူကို ထိခိုက်နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေရန် သတင်းအချက်အလက်ကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ထားသောအချက်အလက်ကို ဖြန့်ဝေခြင်း၊

(ဆ) ကွန်ရက်အားအသုံးပြု၍ မလိုလားအပ်သော သို့မဟုတ် တောင်းဆိုထားခြင်းမရှိသော စာတိုပေးပို့ခြင်း၊ အီးမေးလ်ပေးပို့ခြင်း သို့မဟုတ် အချက်အလက်ပေးပို့ခြင်း။

၆၉။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် ဆိုက်ဘာအရင်းအမြစ်ကိုအသုံးပြု၍ အခြားသူ၏ အွန်လိုင်းငွေကြေးတစ်ရပ်ရပ်ကို ခိုးယူခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်းကို ကျူးလွန်ကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးကိုပြုလုပ်ရန် ခိုင်းစေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၇၀။ မည်သူမဆို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကိုရယူခြင်းမရှိဘဲ ဗီပီအန်ကို ထူထောင်ခြင်း သို့မဟုတ် ဗီပီအန်ဝန်ဆောင်မှုပေးခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် –

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၁။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားစနစ် တည်ဆောက်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် –

(က) ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းနှစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၂။ မည်သူမဆို အများပြည်သူကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို အီလက်ထရောနစ် နည်းပညာဖြင့် ဖြန့်ချိခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ကူးယူစေခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

စာမျက်နှာ ၁၀ သို့ ☆

☆ စာမျက်နှာ ၉ မှ

၇၃။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် –

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

**အခန်း (၁၆)**

**အထွေထွေ**

၇၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာနှင့် စာရွက်စာတမ်းအထောက်အထားများဖြင့် သက်ဆိုင်ရာ တရားရုံးသို့ တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၇၆။ ဤဥပဒေ အာဏာမတည်မီက ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အဖွဲ့သည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ခြောက်လအတွင်း ခွင့်ပြုချက်ရယူရမည်။

၇၇။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အရကောက်ခံရမည်။

၇၈။ (က) ဤဥပဒေပါ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါက ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် ပြည်ပတွင်ကျူးလွန်သည့် နိုင်ငံခြားသားဖြစ်ပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၇၉။ အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပုဒ်မ ၁၇ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုသူကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူရမည်။

၈၀။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဦးစီးကော်မတီ သို့မဟုတ် လုပ်ငန်းကော်မတီ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၁။ ဤဥပဒေအရ တာဝန်ဝတ္တရားနှင့် လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရ၍ သဘောရိုးဖြင့်ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို တရားစွဲဆိုခြင်းမပြုရ။

၈၂။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈၃။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၈၄။ ပုဒ်မ ၆၀၊ ၆၂၊ ၆၃၊ ၆၆၊ ၆၈၊ ၇၁ နှင့် ၇၂ ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၅။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာအရေးယူခံရခြင်း သို့မဟုတ် ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရခြင်းသည် ယင်းကိစ္စရပ်ကြောင့် အများပြည်သူနစ်နာဆုံးရှုံးမှုများ ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိပါက အရေးယူခံရသူ သို့မဟုတ် ပြစ်မှုကျူးလွန်သူအား ယင်းတာဝန်ရှိမှုမှ ကင်းလွတ်သည်ဟု မှတ်ယူခြင်းမပြုရ။

၈၆။ ဗဟိုကော်မတီ သို့မဟုတ် ဦးစီးကော်မတီသည် –

(က) အများပြည်သူအကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရလိုအပ်သော ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် မှတ်ပုံတင်ခြင်းတို့မှလည်းကောင်း၊ အခကြေးငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) နိုင်ငံတော်အရေးပေါ်အခြေအနေနှင့် ဆက်နွှယ်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကိုရယူရန်မလိုဘဲ ဤဥပဒေအရ လိုအပ်သောခွင့်ပြုချက် သို့မဟုတ် လိုင်စင်တို့ကို ရယူခြင်းမှလည်းကောင်း၊ အခကြေးငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကင်းလွတ်ခွင့်ပြုသည့်ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၈၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ နည်းပညာဆိုင်ရာစကားရပ်တစ်ခုခု သို့မဟုတ် ဘာသာရပ်ဆိုင်ရာစကားရပ်တစ်ခုခု၏အဓိပ္ပာယ်ကို ရှင်းလင်းပေးရန် လိုအပ်လျှင် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၈၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၂**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနားကို မြစ်ကြီးနားမြို့၌ အဖွင့်မနောအက၊ အပိတ်မနောအက၊ ဒေသထွက်ထုတ်ကုန်ပစ္စည်းပြခန်းများဖြင့် ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားကို ယခင်နှစ်များနည်းတူ ပြည်နယ်နေ့၏အနှစ်သာရနှင့်အညီ ရိုးရာမပျက် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီများက ကြိုတင်စီမံဆောင်ရွက်ထားရှိရမည့် ကိစ္စရပ်များကို အလေးအနက်ထားဆောင်ရွက်ထားကြရန် လိုအပ်သကဲ့သို့ အခမ်းအနားများ ကျင်းပရာတွင်လည်း အစီအစဉ်များအလိုက်၊ လိုအပ်ချက်များ မရှိအောင် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနားများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆောင်ရွက်ပေးရမည့် အစီအစဉ်များနှင့် အစီအစဉ်များအလိုက် ပြင်ဆင်ဆောင်ရွက်ထားရမည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် ဆပ်ကော်မတီအလိုက် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများက ပြည်နယ်နေ့အထိမ်းအမှတ် ရောဝတီရှုခင်းသာအပန်းဖြေစခန်းနှင့် ယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲအခမ်းအနားများ၊ မနောအက(အဖွင့်နှင့်အပိတ်)အတွက် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာများ စုစုပေါင်း လူဦးရေ ၆၀၀ ကျော်ဖြင့် ဆင်နွှဲသွားမည့်အစီအစဉ်များ၊ ဒေသထွက်ကုန်ပစ္စည်းပြခန်းများနှင့် ဒေသထွက်သစ်သီးဝလံပြပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲများ ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်၊ ဆုတံဆိပ်နှင့်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းသွားမည့်အစီအစဉ်များ၊ မြစ်ကြီးနားတက္ကသိုလ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စသည့် ရက်အလိုက်ဆောင်ရွက်သွားမည့် အခမ်းအနားအစီအစဉ်များအပေါ် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တပ်ကုန်းမြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဗလာ၊ အလိုက်နှင့် နွားခုန်းပြိုင်ပွဲများကျင်းပ



**တပ်ကုန်း ဇန်နဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဗလာ၊ အလိုက်နှင့်နွားခုန်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မကျီးပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၃၀၀) ကြို့ပင်သာကွင်း၌ ယာယီပြေးလမ်းအရှည် ပေ ၇၅၀ ဖြင့် စတင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးခင်ဇော် ဦးဆောင်ပြီး အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်မည့် နွားများ၊ လှည်းများဖြင့် ပြိုင်ပွဲဝါသနာရှင်များက လာရောက်ယှဉ်ပြိုင်ကြရာ ဆုချီးမြှင့်ခြင်းကို ဇန်နဝါရီ ၅ ရက်တွင် ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**

# တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ထားဝယ် ဇန်နဝါရီ ၂

တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ (၁/၂၀၂၅) ကြိမ်မြောက်နှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၁/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကိစ္စရပ်များသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သောကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်အောင်လုပ်ကိုင်ဆောင်ရွက်ပေးစေလိုကြောင်း၊ တိုင်းဒေသကြီးအတွင်း ဆန်စပါးကို ပန်းတိုင်ရည်မှန်းချက်ပြည့်ဝရေးအတွက် တင်း ၁၀၀ ကျော်ထွက်ရှိအောင် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ပေးစေလိုကြောင်း၊ စက်မှုသီးနှံတွင် ကော်ဖီသီးနှံကေ ၃၀၀၀ စိုက်ပျိုးနိုင်အောင် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လာမည့်နှစ်တွင် ကော်ဖီမျိုးစေ့အား ပိုမိုထွက်ရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များအနေဖြင့် ရေထွက်ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိပြီး ငါး၊ ပုစွန်မွေးမြူရေးနှင့် ဂျင်းခရုများကို လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငါး၊ ပုစွန်မွေးမြူရေးတွင် နိုင်ငံတော်အကြီးအကဲများက အလေးထားလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် ပြည်ပမှ ဝင်ငွေရရှိရေးအတွက်ပို့ကုန်များကို တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပြီး ပုစွန်ကန် ၁၀၀၀ အထိ ကြိုးစား၍ လုပ်ကိုင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးမြေစာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းလင်းဦးက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီး စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ထားဝယ် ဇန်နဝါရီ ၂

တနင်္သာရီ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့်(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီး စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးပြိုင်ပွဲတွင် မွေးကင်းစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ခွဲ၊ တစ်နှစ်ခွဲမှ နှစ်နှစ် စုစုပေါင်းကလေး ၄၀ နှင့် စံပြမိခင် ၁၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များက စိစစ်ရွေးချယ်အကဲဖြတ် အမှတ်ပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မိုးဇော်က စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးသော တာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ တိုင်းဒေသကြီးသယံဇာတ ရေးရာ ဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က စံပြမိခင်နှင့် ကလေးပြိုင်ပွဲ လေးမျိုးမှ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စံပြမိခင်နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က တစ်နှစ်ခွဲမှ နှစ်နှစ် ကလေးပြိုင်ပွဲတွင် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြကာ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများအား အမှတ်တရလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




ခရိုင်(ပြန်/ဆက်)



# ပြည်မြို့၌ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

ပြည် ဇန်နဝါရီ ၂

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုအစီအစဉ်ဖြင့် ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ဆောင်ရွက်ပေးရာတွင် ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ အသက်လေးလအရွယ်မှ ၁၅ နှစ်အရွယ်အထိ ကျား ၁၂ ဦး၊ မ လေးဦး စုစုပေါင်း ၁၆ ဦးတို့ကို အောင်မြင်စွာ ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ယင်းဆောင်ရွက်ပေးနေမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ ပြည်ဆေးရုံအုပ်ကြီးဒေါက်တာဝင်းမော်ဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကာ လူနာရှင်များနှင့် ခွဲစိတ်လူနာများအား အားပေးစကားပြောကြားပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများကလည်း ခွဲစိတ်လူနာများအတွက် လိုအပ်သည့်ကျန်းမာရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# ဝါးနက်ဆင်စခန်း၌ ဆင်လေးတစ်ကောင် ထပ်မံမွေးဖွား

မန္တလေး ဇန်နဝါရီ ၂

မန္တလေး-ပြင်ဦးလွင်ကားလမ်း ၁၆ မိုင်ဂိတ်မှ ငါးမိုင်ခန့်အကွာရှိ ဝါးနက်ဆင်စခန်းအနီးရှိ ဆင်စားကျက်အတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် ည ၁၀ နာရီက ဆင်ကလေးတစ်ကောင် ထပ်မံမွေးဖွားခဲ့သဖြင့် ၎င်းဆင်စခန်းတွင် စုစုပေါင်း ဆင်ပေါက်ကလေးနှစ်ကောင်အား လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း ဆင်စခန်းတာဝန်ခံက ပြောသည်။

ယခု မွေးဖွားလာသည့် ဆင်ကလေးမှာ ဆင်ထီးလေးဖြစ်၍ ငြိမ်းချမ်းအောင်ဟု အမည်ပေးထားပြီး မိခင်ဆင်မှာ ငြိမ်းဇာစိန်နှင့် ဖခင်ဆင်မှာ ဓွဲထိုက်ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်က မွေးဖွားခဲ့သည့် ငြိမ်းချမ်းဦးအမည်ရှိ ဆင်ကလေးအပါအဝင် စုစုပေါင်း ဆင်ကလေး နှစ်ကောင်ရှိသည်ဟုပြောသည်။

"ဆင်ကလေးမွေးဖွား လာတာက တန်ဖိုးရှိတဲ့ ရတနာတစ်ပါးတိုးလာလို့ အတိုင်းမသိဝမ်းသာရတယ်။ ကျွန်တော့် လက်ထက်မှာ မွေးဖွားတာဖြစ်လို့ ပိုပြီးဂမ်းသာပီတိဖြစ်ရပါတယ်။ ဆင်စခန်းကို လာလည်တဲ့ဧည့်သည်တွေအနေနဲ့ ဆင်ပေါက်ကလေးတွေရဲ့ ချစ်စရာအမူအကျင့်တွေကို အနီးကပ်လေ့လာနိုင်ပါတယ်။ အများအားဖြင့် ဆင်ကြီးတွေပဲ မြင်ဖူးကြတာ။ ခုလိုဆင်ပေါက်စလေးတွေကို စိတ်ဝင်တစားလာကြည့်သူများလို့ စခန်းမှာ လာရောက်လည်ပတ်တဲ့ ဧည့်သည်ပိုများလာတယ်"ဟု ၎င်းကပြောသည်။

ငြိမ်းချမ်းအောင် ဆင်ကလေးမှာ လက်ရှိတွင် ကျန်းမာရေးကောင်းမွန်ပြီး အရပ်အမြင့် နှစ်ပေခြောက်လက်မ၊ ကိုယ်လုံးကိုယ်ပေါက် သုံးပေနှစ်လက်မ၊ အမြီးအရှည် တစ်ပေသုံးလက်မရှိကြောင်း၊ ဆင်ကလေးမိခင် ငြိမ်းဇာစိန်မှာ အသက် ၁၅ နှစ်နှင့် ဆင်ကလေးဖခင် ဓွဲထိုက်မှာ အသက် ၁၉ နှစ်ဖြစ်ကြောင်း သိရသည်။



"ဆင်တွေမှာ လူတွေလိုပဲ မိခင်၊ ဖခင်၊ မွေးချိန်၊ မှတ်ပုံတင်အမှတ်စသဖြင့် မှတ်ပုံတင်၊ အိမ်ထောင်စုဇယားပုံစံမျိုး ထားရှိပါတယ်။ ဆင်ကလေးဖခင် ဘယ်သူဖြစ်မလဲဆိုတာကိုတော့ ဆင်မိခင်နဲ့ မိတ်ယှဉ်တဲ့ လက္ခဏာကိုကြည့်ပြီး ဆင်ကလေး ဖခင်သတ်မှတ်ပါတယ်။ ဆင်ထိန်းတွေက အမြဲတစေ စောင့်ကြည့်ရင်း သိရှိနိုင်တယ်"ဟု ဆက်လက်ပြောသည်။

ဝါးနက်ဆင်စခန်းတွင် လက်ရှိအချိန်၌ ဆင်ကြီးရှစ်ကောင်နှင့် ဆင်ပေါက်ကလေး နှစ်ကောင် စုစုပေါင်း ၁၀ ကောင်ရှိပြီး သရုပ်ပြ ဖျော်ဖြေမှုများဖြင့် ဂန်ဆောင်မှု ပေးလျက်ရှိကာ ဆင်များအား အစာကျွေးခြင်းနှင့် ဆင်များ၏ ပြုမူနေထိုင်ပုံများကို လေ့လာနိုင်ကြောင်း၊ လာရောက်လည်ပတ်သူများအတွက် မိသားစုနားနေရန် အဆောင်သုံးဆောင်၊ လူဦးရေ ၂၀ ကျော် နားနေနိုင်သည့် အဆောင်နှစ်ခုအပြင် အရိပ်ကောင်းသည့်နေရာများ၌ ခုံတန်းလျားများနှင့် ကလေးများအတွက် ကစားကွင်းလည်း ထားရှိကြောင်းသိရသည်။

မောင်အေးချမ်း

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ တောင်သူများအတွက် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာပေးအပ်

ပဲခူး ဇန်နဝါရီ ၂

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ တောင်သူများအတွက် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ ပေးအပ်ပွဲ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။



**ပန်းတိုင်အထွက်နှုန်းရရှိ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း စပါးသီးနှံအပါအဝင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဧရိယာ တိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေးတို့ကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် မျိုး၊ မြေ၊ ရေ၊ နည်း ပြောင်းလဲဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် အဓိကသီးနှံ ၁၀ မျိုးတွင် သီးနှံခုနစ်မျိုး ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိနိုင်ခဲ့ပြီဖြစ်ကာ မိုးစပါးရေတော်မိုးတော်ဧက ၁၄ သိန်း ၄ သောင်းကျော်လည်း ပန်းတိုင်အထွက်နှုန်းရရှိနိုင်ခဲ့ကြောင်း၊ ရေမြေဒေသအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲသွားရမည်ဖြစ်သလို ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများကို အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ယခုအခါ ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)ရှိ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်အတွင်းမှ မြို့နယ်များအတွက် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ အခု ၅၁၀ အား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာများကို လည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် စီးပွားရေးရာဝန်ကြီး ဦးတင်ဦးတို့က မြို့နယ်အလိုက် တောင်သူများအား စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာများကိုလည်းကောင်း ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း မျိုး၊ မြေ၊ ရေ၊ နည်း ပြောင်းလဲစိုက်ပျိုးခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍပိုမိုတိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့မှုအပေါ် ရှင်းလင်းတင်ပြသည်။ ၎င်းနောက် ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့၏ ကိုယ်စားပြုတောင်သူများက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုအပေါ် လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိခဲ့မှုအပေါ် ၎င်းတို့၏အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာများ၊ တောင်သူများအတွက် ပဲခူးတိုင်းဒေသကြီးမှ အသစ်ထပ်မံထုတ်လုပ်ထားသည့် လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်၊ ဆေးဖျန်းစက်၊ ဘက်စုံသုံးအစေ့ချစက်၊ သွင်းအားစုများ၊ ပန်းတိုင်အထွက်နှုန်းရရှိသည့် မျိုးကောင်းမျိုးသန့်များနှင့် သဘာဝရေစီးအားသုံး ရေတင်ဒလက်တို့ကို ကြည့်ရှုအားပေးခဲ့ပြီး တက်ရောက်လာသည့် ခရိုင်သုံးခုမှ တောင်သူများအား အသုံးပြုပုံနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးမြူရေးကန်များအတွက် ငါးသားပေါက်များ အခမဲ့ပေးအပ်

လွိုင်ကော် ဇန်နဝါရီ ၂

ကယားပြည်နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးမြူရေးကန်များအတွက် ငါးသားပေါက်များ အခမဲ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က တိုင်ဖွန်းမုန်တိုင်း ရာဂီအရှိန်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ငါးလုပ်ငန်းဦးစီးဌာနပိုင် မျိုးပြသားပေါက်စခန်း၊ လွိုင်ကော်မြို့နယ် သတ္တပလူနှင့် မျိုးပြာကျေးရွာများရှိ ငါးမွေးကန် ၅၁ ဒသမ ၁၄ ဧက အတွက် ပြည်နယ်အစိုးရအဖွဲ့က ငါးသားပေါက်များကို အခမဲ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ငါးမွေးတောင်သူအစုအဖွဲ့များအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ် ၃၀၁ သန်းအား ပေးအပ်ထားပြီး ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ သန်းသန်းလွင်က ငါးမွေးမြူရေး လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အကျဉ်းဦးစီးဌာန၊ သတ္တပလူနှင့် မျိုးပြာကျေးရွာများရှိ ငါးမွေးတောင်သူများထံသို့ ငါးသားပေါက်များ အခမဲ့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဇန်နဝါရီ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသောသင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း သိရသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့ အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# ဒေါ်နယ်ထရမ့်ပိုင်ဆိုင်သည့် ဟိုတယ်အပြင်ဘက်၌ ကားတစ်စီးမီးလောင်ပေါက်ကွဲ




ဝါရှင်တန် ဇန်နဝါရီ ၂

အမေရိကန်ပြည်ထောင်စု အနောက်ဘက် နီဗားဒါးပြည်နယ် လာ့စ်ဗီးဂတ်စ်မြို့ရှိ ဟိုတယ်တစ်ခု၏ အပြင်ဘက်၌ ယမန်နေ့က ကားတစ်စီး ပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားရာ လူတစ်ဦး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါဟိုတယ်သည် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်ပိုင်ဆိုင်သည့် ဟိုတယ်များအနက် တစ်ခုဖြစ်သည်။

မီးလောင်ပေါက်ကွဲပျက်စီးခဲ့သည့် Tesla ကား အမျိုးအစားသည်လည်း ဒေါ်နယ်ထရမ့်နှင့် ရင်းနှီးသည့် စီးပွားရေးလုပ်ငန်းရှင် အီလွန်မက်စ် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှ ထုတ်လုပ်သည့် ကား ဖြစ်သည်။

အခင်းဖြစ်ပွားပုံမှာ ဇန်နဝါရီ ၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၀ မိနစ်ခန့်တွင် Trump International Hotel ၏ အပြင်ဘက်တွင် ရပ်နားထားသည့် Tesla ကားတစ်စီးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ယာဉ်ပေါ်ရှိ လူတစ်ဦးသေဆုံးခဲ့ပြီး အနီးဝန်းကျင်ရှိ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရခြင်းမှာ မီးရှူးမီးပန်းများ သို့မဟုတ် ကားပေါ်တွင် တင်ဆောင်ထားသော ဗုံးတစ်လုံးကြောင့်ဖြစ်ကြောင်း အီလွန်မက်စ်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ပြောကြားသည်။

ရဲတပ်ဖွဲ့က အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မေးခွန်းများစွာရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် အကြမ်းဖက်လုပ်ရပ် အဖြစ် အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်မီဒီယာများက သတင်းဖော်ပြထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ နယူးအော်လင်းမြို့၌ နှစ်သစ်ကူးပွဲတော်ဆင်နွှဲနေသည့်လူအုပ်အတွင်းသို့ မော်တော်ယာဉ်တစ်စီးဝင်ရောက်တိုက်မိမှုဖြစ်ပွား၊ သေဆုံးသူ ၁၅ ဦးကျော်ရှိ

ဝါရှင်တန် ဇန်နဝါရီ ၂

အမေရိကန်နိုင်ငံ တောင်ပိုင်း နယူးအော်လင်းမြို့၌ နှစ်သစ်ကူးပွဲတော်ဆင်နွှဲနေသည့် လူအုပ်အတွင်းသို့ မော်တော်ယာဉ်တစ်စီး ဝင်ရောက်တိုက်မိမှုကြောင့်သေဆုံးသူ ၁၅ ဦးထက်မနည်း ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားမှု၌ သံသယရှိသူသည် ရဲတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။

ဖက်ဒရယ် စုံစမ်းစစ်ဆေးရေး ဗျူရိုက အဆိုပါဖြစ်ရပ်သည် အကြမ်းဖက်လုပ်ရပ်ဖြစ်သလား ဆိုသည့်အပေါ် စုံစမ်းစစ်ဆေး လျက်ရှိကြောင်း သိရသည်။

ယာဉ်မောင်းနှင်သူဟု သံသယရှိသူသည် တက္ကဆက်ပြည်နယ်မှ အသက် ၄၂ နှစ်အရွယ် ရှမ်ဆက် - ဒင် ဂျက်ဘာ ဖြစ်ကြောင်း ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရိုက ဖော်ထုတ်ခဲ့သည်။




အဆိုပါယာဉ်မောင်းသည် တစ်ဦးတည်း ဆောင်ရွက်ခြင်း မဟုတ်ဘဲ ၎င်း၏အနောက်တွင် ကြိုးကိုင်သည့်အဖွဲ့အစည်းတစ်ရပ် ရှိနိုင်ဖွယ်ရှိကြောင်း ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရိုမှ အရာရှိ တစ်ဦးက ပြောသည်။

၎င်းနှင့်ဆက်နွှယ်လျက်ရှိသူ အားလုံးကိုလည်း လိုက်လံစုံစမ်း စစ်ဆေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါအမျိုးသားသည် ဇန်နဝါရီ ၁ ရက် အစောပိုင်းက နာမည်ကြီး ပြင်သစ်ရပ်ကွက်ရှိ လူအုပ်ထဲသို့ ပစ်ကပ်ထရပ်ကားတစ်စီးဖြင့် ဝင်တိုက်ခဲ့သည်။ နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေသော နေရာဖြစ်သည်။

လူပေါင်းဒါဇင်နဲ့ချီ ဒဏ်ရာရခဲ့ကြောင်း အမေရိကန် မီဒီယာများက သတင်းဖော်ပြသည်။

အိုင်အက်စ်အဖွဲ့၏ အလံနှင့် ဖောက်ခွဲရေး ပစ္စည်းများနှင့်တူသည့် ပစ္စည်းများ ၎င်းထရပ်ကား ပေါ်တွင် တွေ့ရှိခဲ့ကြောင်း ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရိုက ပြောကြားသည်။

သံသယရှိသူသည် အိုင်အက်စ် အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်ခြင်း ရှိ မရှိ စုံစမ်းလျက်ရှိကြောင်း ဖက်ဒရယ် စုံစမ်းစစ်ဆေးရေး ဗျူရိုက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံတွင် ပလတ်စတစ်ကင်းစင်ရေး လှုပ်ရှားမှုအစီအစဉ်ဆောင်ရွက်မည်

ဖနောင်ပင် ဇန်နဝါရီ ၂

ကမ္ဘောဒီးယားနိုင်ငံအတွင်း ပလတ်စတစ်ကင်းစင်စေရေးအတွက် ပလတ်စတစ်ကင်းစင်သည့် လမ်းများ လှုပ်ရှားမှုအစီအစဉ်ကို ကမ္ဘောဒီးယားနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ဇန်နဝါရီ ၂ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

၎င်းဆောင်ရွက်ချက်သည် နိုင်ငံအတွင်းရှိ လမ်းများသန့်ရှင်း သာယာလှပရေးကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနဝန်ကြီး အန်း ဆိုဖာလက်ကပြောကြားသည်။

**ပြောကြား**

နိုင်ငံအတွင်းရှိ မြို့များသည် ယခုဆောင်ရွက်ချက်ကြောင့် သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်သဘာဝပတ်ဝန်းကျင်ကို ရှိလာမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံအတွင်း သန့်ရှင်းသာယာလှပမှုရှိလာသည်နှင့်အမျှ ပြည်ပ ခရီးသွားများ အများအပြားဝင်ရောက်လာမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများလည်း များပြားလာမည်ဟု၎င်းက ပြောကြားသည်။

နိုင်ငံအတွင်း ဆောင်ရွက်နေသည့် ကျွန်ုပ်ယနေ့ပလတ်စတစ်အိတ် မသုံးပါ ဟူသည့် လှုပ်ရှားမှုကိုလည်း ဆက်လက်ဆောင်ရွက်ရန် ၎င်းက ညွှန်ကြားခဲ့သည်။ ယမန်နှစ် စက်တင်ဘာလအတွင်းကဆောင်ရွက်ခဲ့သည့်ပလတ်စတစ် ကင်းစင်ရေးလှုပ်ရှားမှုတွင် နိုင်ငံသား ၉ ဒသမ ၇ သန်းကျော် ပါဝင်ဆောင်ရွက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ပါလက်စတိုင်းဒေသအတွင်း အယ်လ်ဂျာဇီးယား ရုပ်မြင်သံကြားဌာန၏ ထုတ်လွှင့်ခွင့်ရုပ်သိမ်း

ရာမာလာ ဇန်နဝါရီ ၂

ပါလက်စတိုင်း တာဝန်ရှိသူများက အယ်လ်ဂျာဇီးယားရုပ်မြင်သံကြားဌာန၏ ပါလက်စတိုင်းဒေသအတွင်း ရုပ်သံထုတ်လွှင့်ခွင့်ကို ရုပ်သိမ်းခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

ယခုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းမှာ ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိသောကြောင့် ဖြစ်ကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီ ဝါဖာက ယမန်နေ့တွင် ပြောကြားသည်။

**ပြောကြား**

အယ်လ်ဂျာဇီးယား သတင်းဌာနသတင်းထောက်များနှင့် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်ခွင့်နှင့် အယ်လ်ဂျာဇီးယားသတင်းဌာနနှင့် ဆက်စပ်နေသည့် ရုပ်သံလိုင်းများ၏ ထုတ်လွှင့်ခွင့်ကိုလည်း ရုပ်သိမ်းကြောင်း ယဉ်ကျေးမှု၊ ဆက်သွယ်ရေးနှင့် ပြည်ထဲရေးဌာနမှ ကိုယ်စားလှယ်များပါဝင်တက်ရောက်သည့် အစည်းအဝေးတွင် တာဝန်ရှိသူများက ဆုံးဖြတ်ခဲ့သည်။ အယ်လ်ဂျာဇီးယားသတင်းဌာနသည် ပါလက်စတိုင်းဒေသအတွင်း အဓိကရုဏ်းများ ဖြစ်ပွားစေနိုင်သည့် အကြောင်းအရာများ ထုတ်လွှင့်ခြင်း၊ သတင်းတုသတင်းမှားများထုတ်လွှင့်ခြင်းနှင့် ပါလက်စတိုင်းဒေသ၏ ဒေသဆိုင်ရာ ကိစ္စရပ်များတွင် စွက်ဖက်မှုများရှိခဲ့ကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီ ဝါဖာက ထပ်လောင်းပြောကြားသည်။

**တင်းမာမှုများ မြင့်တက်**

အနောက်ဘက်ကမ်းခြေဒေသ မြို့တော် ဂျီနင်တွင် ပါလက်စတိုင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများတိုက်ခိုက်နေခြင်းကို ရုပ်သံမှ ထုတ်လွှင့်မှုများရှိခဲ့ဖြင့် အယ်လ်ဂျာဇီးယား သတင်းဌာနနှင့် ပါလက်စတိုင်း အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ဖတာတို့ အကြား တင်းမာမှုများ မြင့်တက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ၂၀၂၄ ခုနှစ်အတွင်း အီဂျစ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် ၁၅ ဒသမ ၇ သန်း စံချိန်တင်

ကိုင်ရို ဇန်နဝါရီ ၂

၂၀၂၄ ခုနှစ်အတွင်း အီဂျစ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် ၁၅ ဒသမ ၇ သန်း စံချိန်တင်ခဲ့ကြောင်း အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာ မက်ဘောင်လီက ယမန်နေ့က ပြောကြားသည်။

အဆိုပါအရေအတွက်သည် အီဂျစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် ကောင်းမွန်သည့်ရလဒ်များကို ပိုင်ဆိုင်ရရှိခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် မက်ဘောင်လီက အုပ်ချုပ်ရေးမြို့တော်သစ် ကိုင်ရို၌ အပတ်စဉ် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အထူးသဖြင့် Grand Egyptian ပြတိုက်ကို တရားဝင်ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားသားခရီးသည် ၁၈ သန်း လာရောက်ရန် ရည်မှန်းထားသည်။



ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် အီဂျစ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဦးရေသည် ၂၀၁၉ ခုနှစ်တွင် ၁၃ သန်းကျော်မှ ၂၀၂၀ ပြည့်နှစ်တွင် ၃ ဒသမ ၇ သန်း ဝန်းကျင်သို့သိသိသာသာ လျော့ကျသွားခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ရှစ်သန်းခန့် ၂၀၂၂ ခုနှစ်တွင် ၁၁ ဒသမ ၇ သန်းနှင့် ၂၀၂၃ ခုနှစ်တွင် ၁၄ ဒသမ ၉ သန်းလာရောက်ခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# မိုင်းပန်မြို့နယ်၌ ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂

မိုင်းပန်မြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိဘိန်းဖြူဘလောက်တုံး ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် တာဆန်းကျေးရွာအနီး၌ မိုင်းပန်မြို့မှ မိုင်းတုံမြို့သို့ စိုင်းနွံဟန်(ခ)စိုင်းနွံလျန် မောင်းနှင်ပြီး စိုင်းစံညွန့်လိုက်ပါလာသည့် ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်၏ကြမ်းခင်း အံ့ဝှက်အတွင်း သို့ဝှက် သယ်ဆောင်လာသည့် ငွေကျပ် သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၂၀၊ အလေးချိန် ၄၀ ဒသမ ၂ ကီလို နှင့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းတို့အား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို နမ့်စန်မြို့နယ်မှ မိုင်းတုံမြို့နယ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူ ထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော် ထုတ်လျက်ရှိကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

မြိတ်မြို့နယ်၊ တာချီလိတ်မြို့နယ်၊ သာစည်မြို့နယ်နှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီခွဲတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မဝင်းဝင်းနွယ်(ခ)မီးပုတ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၉ နာရီခွဲတွင် ၎င်းနေထိုင်သည့် ကလွင်ကျေးရွာရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအနီးတွင် ပိုင်ထက်(ခ)ရွာသားမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် လွယ်စီတုံကျေးရွာရှိ ချစ်အေး(ခ) ထားဝယ်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နံနက် ၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး၌ တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် ဆုစန္ဒီဝင့်ထံမှ စိတ်ပြောင်းဆေးဝါး HappyWater ၂ ဒသမ ၁၁၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်ရှိ မြင့်ဇော်မိုး(ခ) ဦးချို(ခ)ဘူးချို ၄ားရမ်းနေထိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးကက်တမင်း သုည ဒသမ ၀၅ ကီလို ကိုလည်းကောင်း၊ ဒီဇင်ဘာ ၃၀ နံနက် ၁၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် အောင်ပန်းမြို့ လှည်းရိုးရပ်ကွက်နယ်မြေ(၁)ရှိ နိုင်လင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျော်ဆွေဝင်း၊ မခင်နွယ်ဦး တို့အားတွေ့ရှိပြီး နေအိမ်မှ ဘိန်းစိမ်း ၄၄ ဒသမ ၄ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



နိုင်လင်း၊ မခင်နွယ်ဦးနှင့် ကျော်ဆွေဝင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ရွာအနီး၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၁၈၀ တန်၊ သစ်မာ သုည ဒသမ ၀၅၀ တန်၊ အခြားသစ် ၂ ဒသမ ၅၁၀ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၀၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရား မဝင်မီးသွေး ၂ ဒသမ ၈၀၀ တန်၊ ကျွန်းသစ် ၂ ဒသမ ၇၈၀ တန်၊ အခြားသစ် ၁၀ ဒသမ ၂၄၃ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၈၁၇၃၅၃ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြ နိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့ အတွင်း၌ တရားမဝင်မီးသွေး ၁၁ ဒသမ ၈၄၀ တန်၊ ကျွန်းသစ် ၅ ဒသမ ၈၉၆တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၁၂၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု ခန့်မှန်းတန်ဖိုးငွေ ၅၁၁၈၉၇၁၃ကျပ်ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁-၂၀၂၅ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေမသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်း |
| ၀၈:၄၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ) (ဒုတိယပိုင်း) |
| ၀၉:၃၀ | (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၀:၃၅ | လှုမှုစီးပွားသတင်းများ |
| ၁၂:၃၅ | မြန်မာဇာတ်လမ်းတွဲ 'ရတနာဖုံ' (အပိုင်း-၈) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၄၂) |
| ၁၅:၁၀ | မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ |
| ၁၅:၁၅ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၄၀ | (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၇:၁၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ) (တတိယပိုင်း) |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်း |
| ၁၉:၁၅ | မြန်မာဇာတ်လမ်းတွဲ 'ရတနာဖုံ' (အပိုင်း-၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'သံစဉ်ချိုကြည် ငွေတောင်ပြည်' တေးဂီတ ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု |
| ၂၂:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Sone Taw Myaing (Takkatho Lae Lae) |
| 07:10 | Read me a Book |
| 07:24 | Kay Tu Mar Lar "The Family" |
| 07:34 | From Bamboo Strip to Sublime Buddha |
| 08:01 | News |
| 08:25 | Asia Updates; A Culture Built with Wood |
| 08:32 | Zadetgyi Island |
| 08:42 | Htan Taw Drums (Part-II) "Dobat" |
| 09:01 | Listening Pleasure, Instrumental Music (Don Min) Metta Prayer (Myitta Wai Than Hsan) |
| 09:15 | A Worth Keeping Treasure of Anyar |
| 09:46 | Making a Living as Horticulturist |
| 10:01 | News |
| 10:26 | Lifestyle & Entertainment (Weekly Updates) |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ငါးပေါင်းချက်စားကြမယ်

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဟံသာဝတီပဲခူး

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
မျော်ဆန်တဲ့အလှတရားများရှိရာငှက်ကျွန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ရှေးခေတ်ချင်း(ချိုး)တို့၏မေတ္တာမျှတေး

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
သစ်တိုသီးဝက်သားချက်နှင့်မျှစ်ဟင်းရည်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ငှက်ပျောရွက်ရဲ့ကျန်းမာရေးအသုံးဝင်ပီ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
'တိုင်းမောဝ်' မောရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
အသီးအနှံဆိုင်ရာ အခေါ်အဝေါ်များ

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
(၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့နှင့် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် 'သံစဉ်ချိုကြည် ငွေတောင်ပြည်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၄၅ | ရသစုံစွာ ဤမြေကမ္ဘာ |
| ၁၀:၄၅ | Soccer View |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၄၅ | Football Highlihgts |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလဲ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ' |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ' |
| ၁၄:၃၀ | ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၆၆) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | တောင်သူများပြုံးရွှင်ဖို့ ချည်မျှင်ရှည်ဝါစိုက်ကြပါစို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၀:၃၅ | Rose Tour |
| ၁၉:၂၀ | Massive green bean harvest from the front yard trilles |
| ၁၉:၄၅ | International Music Hits |
| ၂၀:၀၀ | ၃၉ ဗိုက်ပူ(ဇာတ်လမ်း) |
| ၂၂:၀၀ | The Father (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | သင်္ချာတတ်စရာ သိုင်းပညာ |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၀:၀၀ | (Triathalon) ရေကူး၊ စက်ဘီးစီးနှင့် အပြေးပြိုင်ပွဲ (Replay) |

Scan Here

MRTV / MRTV / MRTV Radio / MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)နှင့် ပညာရေးဒီဂရီကောလိပ်(မော်လမြိုင်)တို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**မော်လမြိုင် ဇန်နဝါရီ ၂**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)၌ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များမှ ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ကုန်ထုတ်လုပ်သူများအနေဖြင့် အခြေခံစားကုန်များကို လုံလောက်စွာ ထုတ်လုပ်ရန်နှင့် အများပြည်သူများအတွက် အဖြစ်သင့်ဆုံးဈေးနှုန်းဖြင့် ထိန်းညှိရောင်းချပေးရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားသောက်ကုန်ပစ္စည်းများအား အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အဆောင်နေ ကျောင်းသားကျောင်းသူများက အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်ဝယ်ယူနေကြမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းက ပညာရေးဒီဂရီကောလိပ် (မော်လမြိုင်)၌ အခြေခံစားသောက်ကုန်ပစ္စည်းများအား သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# ဘာအံမြို့၌ ဝန်ထမ်းအိမ်ရာသစ် ဖွင့်လှစ်

**ဘားအံ ဇန်နဝါရီ ၂**

(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လေးခန်းတွဲ ငါးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ အမှတ်(၂) လှာကမြင်ဝန်ထမ်းအိမ်ရာစခန်း၌ ကျင်းပသည်။

**ပြောကြား**

အဆိုပါ ဝန်ထမ်းအိမ်ရာကို ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၉၅၂ ဒသမ ၈ သန်းကျော်ဖြင့် မော်ဖမော်ကွန်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးခြင်းဖြစ်သည်။ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ကြမည့်ဝန်ထမ်းများသည် မိမိတို့နေထိုင်သည့်အိမ်ရာအား မိမိတို့၏ ကိုယ်ပိုင်အိမ်များကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်၍ အိမ်ငှားစည်းကမ်းချက်များနှင့် အညီ အိမ်ရာ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် လုံခြုံရေးအတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့်လည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အိမ်ရာများကို ထိန်းသိမ်းစောင့်ရှောက်ကြပ်မတ်ဆောင်ရွက် ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ဝန်ထမ်းအိမ်ရာ အဆောက်အအုံအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းက ကျင်းပသည့် ဖိတ်ခေါ်စာပေဟောပြောပွဲကို နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။ ပြည်နယ်ဝန်ကြီးချုပ်က စာပေဟောပြောပွဲအတွက် ငွေကျပ် ၄၅ သိန်းကို ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်းထံ ချီးမြှင့်ပေးအပ်ပြီး ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ရတနာပုံသီချင်းအား စောင်းဖြင့် တီးခတ်ဖျော်ဖြေကာ အပေါင်းလက္ခဏာရဲ့အလှပန်းချီတေးသရုပ်ဖော်ဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် အမျိုးသား စာပေဆုရှင် မင်းလပြည့်(ဟားခါး)က ဘဝကို ဘယ်လိုမောင်းနှင်မလဲ ခေါင်းစဉ်ဖြင့် စာပေဟောပြောရာ ပြည်နယ်ဥပဒေချုပ်က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ယဉ်ကျေးမှုအဖွဲ့များက စလေဦးပုည၏ ရေသည် ပြဇာတ်ဖြင့် တင်ဆက်ကပြခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# မုံရွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ ဇန်နဝါရီ ၂**

စစ်ကိုင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဦးစီးဌာန နန္ဒဝန် ဝန်ထမ်းအိမ်ရာဝင်းအတွင်း ဈေးဆိုင်ခန်းပေါင်း ၂၀ ပါဝင်မည့် သံဖရိမ်ဈေးရုံ အလျား ပေ ၆၀၊ အနံ ပေ ၄၀ တည်ဆောက်မည့်မြေနေရာသို့ သွားရောက် ကြည့်ရှုကြသည်။

ဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ဈေးရုံတည်ဆောက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါ ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ အလျား ပေ ၁၃၀၊ အနံ ပေ ၉၀ ဖူဆယ်ဘောလုံးကွင်း ဆောင်ရွက်မည့် မြေနေရာသို့ ရောက်ရှိရာ တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းများဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ငါန်းဇွန်မြို့နှင့် နွားထိုးကြီးမြို့ရှိ ကျေးရွာအချို့ကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ငါးဦးသေဆုံးပြီး နေအိမ်များပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

မန္တလေး တိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်နှင့် နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာအချို့ကို ဒီဇင်ဘာ ၃၁ ရက်နေ့တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ငါးဦးသေဆုံးပြီး နေအိမ်များ ပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများ တရားမဝင် ဝင်ရောက်ခိုအောင်း နေထိုင်မှုမရှိစေရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အဆိုပါ မြို့နယ်အတွင်း တည်ငြိမ် အေးချမ်းမှုမရှိစေရန်အတွက် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိခိုက်ဒဏ်ရာရရှိအောင် ဒရုန်းများ အသုံးပြု၍ ဗုံးကြဲတိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ နေထိုင်ရာနယ်မြေများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် ရွှံ့ရှာစက်ဆုပ်ဖွယ် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းများကြောင့် နယ်မြေခံ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ တရားမဝင် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူများ အထင်အမြင် လွဲမှားစေရန်ရည်ရွယ်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ယခုကဲ့သို့ မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းဝယ်မှုပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂**

နိုင်ငံတော်အစိုးရက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၌ စက်သုံးဆီဖူလုံမှုရှိစေရေးအတွက်လည်း စဉ်ဆက်မပြတ် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ MNDAA/ TNLA/ KIA အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အကြမ်းဖက်အဖွဲ့များ အခြေပြုနေထိုင်လျက်ရှိသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ အချို့ဒေသများသို့ ပြည်မအတွင်းမှ စက်သုံးဆီများ သယ်ဆောင်ရောင်းချနိုင်ခြင်း မပြုနိုင်စေရေးအတွက် ပိတ်ဆို့တားဆီးထားရှိသော်လည်း အချို့သောဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ အချို့နေရာဒေသများတွင် လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်ရှိမှုအပေါ် အခွင့်ကောင်းယူ၍ ရှောင်ကွင်းလမ်းများ အသုံးပြုကာ နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့သောကျေးရွာများတွင် ဆီသိုလှောင်ထားရှိရာနေရာများပြုလုပ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများသို့ ပို့ဆောင်ကာ ဈေးနှုန်းအဆမတန် မြှင့်တင်ရောင်းချလျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ သိရှိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ သိမ်းဆည်းရမိခဲ့သည့် တရားမဝင်စက်သုံးဆီများ သိုလှောင်ထားရှိသည့် တည်နေရာပြမြေပုံ။



စစ်ကိုင်းတိုင်းဒေသကြီးမှ တရားမဝင်စက်သုံးဆီများသယ်ယူပို့ဆောင်မှု လမ်းကြောင်းတည်နေရာပြမြေပုံ။

စက်သုံးဆီများကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ဇင်ကျေးရွာ ကံတလူပူးပေါင်း စစ်ဆေးရေးဂိတ်အနီးတွင် ဆီသိုလှောင်ခြံများပြုလုပ်၍ သိုလှောင် ရောင်းဝယ်လျက်ရှိကြောင်းသတင်းရရှိသဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့ရာ မန္တလေးမြို့နေ ပိုင်ရှင် ဦးသိန်းသန်းဝင်း (တိမ်းရှောင်) ပိုင်ဆိုင်သည့် သိန်းသန်းစက်သုံးဆီခြံ၊ ဆားတောင်မြို့နေ ဒေါ်ထက်ထက်မျိုးဆွေ ၂၆ နှစ် (ဘ) ဦးဇော်မျိုး ဦးစီးလုပ်ကိုင်လျက်ရှိသည့်စက်သုံးဆီခြံ၊ မြင်းမူမြို့နေ ဒေါ်ဇင်မာမြင့် ၂၇ နှစ် (ဘ) ဦးကျော်ဝင်း ဦးစီးလုပ်ကိုင်လျက်ရှိသည့် စက်သုံးဆီခြံ၊ မြစ်ငယ်မြို့နေ မျိုးမင်း (တိမ်းရှောင်) ပိုင်ဆိုင်သည့် စက်သုံးဆီခြံနှင့် Golden Star စားသောက်ဆိုင်အနီးတွင် ရပ်တန့်ထားသည့် တရားမဝင် စက်သုံးဆီရောင်းဝယ်သည့်ယာဉ်များ စသည့်နေရာငါးနေရာမှ တရားခံ ၁၇ ဦးအား ၂၂ ဘီး ဆီသယ်ယာဉ် လေးစီး၊ ဆီနောက်တွဲယာဉ်တစ်စီး၊ ဘီး ၂၀

**စာမျက်နှာ ၁၇ သို့** ✪



ဖမ်းဆီးရမိ စက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များနှင့် တရားခံများ မှတ်တမ်းဓာတ်ပုံ။



ဇင်မာမြင့် ၂၇ နှစ်
(ဘ)ဦးကျော်ဝင်း



ထက်ထက်မျိုးဆွေ ၂၆ နှစ်
(ဘ)ဦးဇော်မျိုး



သန့်ဇင် ၄၄ နှစ်
(ဘ)ဦးမြင့်သန်း



သန်းထွေးအောင် ၄၀ နှစ်
(ဘ)ဦးကံတင်



မိုးမိုး ၅၄ နှစ် (ဘ)
ဦးအောင်ကြည်



ထွန်းလင်းအောင်
၃၁ နှစ် (ဘ)ဦးစိုးဝင်း



အောင်ဝင်းသူ ၂၇ နှစ် (ဘ)
ဦးသိန်းသန်းထွန်း



အောင်မင်းကျော် ၃၉ နှစ်
(ဘ)ဦးကြီးတင့်



နေသူစိုး ၂၃ နှစ် (ဘ)
ဦးစိုးဝင်း



ကျော်ဆန်း ၃၉ နှစ် (ဘ)
ဦးသန်းရွှေ



နန်းထိုက်အောင် ၃၁ နှစ်
(ဘ)ဦးမြညို



နေလင်းဦး ၂၉ နှစ် (ဘ)
ဦးညီအေး



ဖိုးဝ ၄၇ နှစ် (ဘ)
ဦးမြင့်အောင်



အောင်ပြည့်စုံ ၄၇ နှစ် (ဘ)
ဦးသိန်းဇံ



ရဲတင့် ၃၉ နှစ် (ဘ)
ဦးထွန်းမြင့်



စိုးထက်အောင် ၃၁ နှစ် (ဘ)
ဦးမောင်မြင့်



ထွန်းထွန်းနိုင် ၃၂ နှစ် (ဘ)
ဦးသန်းကြိုင်

ဖမ်းဆီးရမိတရားခံများ မှတ်တမ်းဓာတ်ပုံ။

# မျှော်တလင့်လင့်နဲ့ ရင်မှာမောမဖြစ်စေလိုပါ

မောင်မောင်လင်း

လူတိုင်းမှာ မျှော်လင့်ထားရှိမှု (Expectations) ဆိုတာရှိပါတယ်။ Great Expectations ဆိုတဲ့ ဝတ္ထုကို ဆရာကြီးတွေက **"မျှော်တလင့်လင့်"** ဆိုတဲ့ ခေါင်းစဉ်လှလှလေးပေးပြီး ဘာသာပြန်ဆိုခဲ့ဖူးပါတယ်။ လူဆိုတာမျိုးကလည်း အနာဂတ်မှာ ဘာတွေများဖြစ်လာမလဲ၊ အထူးသဖြင့် ကောင်းတာလေးတွေဖြစ်လာဖို့အတွက် မျှော်မှန်းချက်ထားပြီး လက်ရှိဘဝကို ရင်ဆိုင်ဖြတ်သန်းနေကြတာပဲ ဖြစ်ပါတယ်။

One People၊ Million Expectations ဆိုပြီး တင်စားထားသလိုမျိုး လူတစ်ဦး တစ်ယောက်ချင်းစီတိုင်းမှာ မရေတွက်နိုင်လောက်တဲ့ မျှော်မှန်းချက်တွေများပြားလှပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘဝတိုးတက်ရေး၊ အချစ်ရေးအစရှိတဲ့ ကဏ္ဍပေါင်းစုံဘက်ပေါင်းစုံ၊ တစ်ခုချင်းစီမှာ အသေးအဖွဲလေးကစပြီး အကောင်းဆုံးကိုပဲ မျှော်မှန်းထားတတ်ကြတာကိုက လူ့သဘောသဘာဝပဲဖြစ်ပါတယ်။

အနိမ့်ဆုံးကတော့ တစ်ချိန်ချိန်မှာ ဘယ်လိုလူမျိုးဖြစ်ချင်တယ်၊ ဘယ်လိုဘဝမျိုး ရောက်ချင်တယ်ဆိုတဲ့ မျှော်မှန်းထားရှိမှုမျိုး လူတိုင်းရှိခဲ့ဖူးမှာပါ။ Relationship ဆိုရင်တောင်မှ ဘယ်လိုလူမျိုးနဲ့မှ ဖြတ်သန်းချင်တယ်ဆိုတာမျိုးအထိ Expect လုပ်ဖူးကြမှာပါ။ အဲဒီလိုမျိုး ကိုယ့်အတွက် ကိုယ်ကိုယ်တိုင်ပဲ Expectations မြင့်မြင့်မားမား ထားလိုက်မိတယ်။ ပြီးမှ ဒါတွေကို သေချာမကိုင်တွယ်နိုင်ဘူး။ ဖြစ်မြောက်အောင်လည်း မလုပ်နိုင်တော့ဘူး။ ပြီးရင် အဲဒါကြောင့်ပဲ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ပြဿနာတွေဖြစ်လာမယ်။ စိတ်ပင်ပန်းမှုတွေ ကြုံလာမယ်။ နောက်ဆုံး စိတ်ဖိစီးမှုတွေနဲ့ ကြုံတွေ့ရတဲ့အထိ ဖြစ်သွားတတ်ပါတယ်။ အဲဒီလိုမျိုး အမြင့်မားဆုံး မျှော်မှန်းထားရှိမှုတွေကြောင့် ဖြစ်ပေါ်လာမယ့် ပြဿနာတွေကို ရှင်းပြထားတဲ့ Model လေးတစ်ခုကို မိတ်ဆက်ပေးချင်ပါတယ်။

**မျှော်မှန်းထားရှိမှုဆိုင်ရာစံနမူနာ**
**(The Expectations Model) ဆိုရာဝယ်**

လူသားတွေဟာ မျှော်မှန်းချက်ရှိဖို့ လိုအပ်ပါတယ်။ မှုအရတော့ မြင့်မြင့်မားမား မျှော်မှန်းထားရှိတာမျိုးက ဘာများမှားလို့လဲလို့တော့ ပြောလို့ရပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့မြင့်မားစွာ သတ်မှတ်၊ ချမှတ်ထားတဲ့စံနှုန်းတွေကို ဘယ်တော့မှ လိုက်မမီနိုင်ဘူးလို့ခံစားရရင် ကိုယ်ဘယ်လိုခံစားရမလဲဆိုတာနဲ့ ကိုယ့်ရဲ့မျှော်မှန်းထားရှိမှုတွေကို နှိမ့်ချလိုက်ရင်ရော ဘာတွေများဆုံးရှုံးသွားနိုင်မလဲဆိုတာကိုတော့ ကိုယ့်ဘာသာကိုယ် ပြန်မေးကြည့်ဖို့ လိုအပ်နေတာကို ဒီ Model က ရှင်းပြပေးနိုင်ပါတယ်။

ဥပမာအားဖြင့် လက်တွဲဖော်ရွေးချယ်ရာမှာ ကိုယ်သတ်မှတ်ထားတဲ့စံနှုန်းက အရပ်ထောင်ထောင် မောင်းမောင်း၊ ရုပ်ဖြောင့်ဖြောင့်၊ ပြီးတော့ ဉာဏ်ရည်ထက်မြက်ရမယ်၊ အောင်မြင်နေရမယ်၊ နှစ်လိုဖွယ်လည်း ကောင်းရမယ်ဆိုတဲ့ မျှော်မှန်းထားရှိမှုက မြင့်မားနေတယ်ဆိုကြပါစို့။ ဒီလိုအချက်မျိုးအားလုံးနဲ့ပြည့်စုံသူကို တွေ့ခဲ့ရင်တော့ အလွန်ဝမ်းမြောက်ဖွယ်ဖြစ်မှာပါ။ ဒါဆိုရင် အဲဒီလိုလူမျိုးနဲ့ မတွေ့ခဲ့ရင်ရော တစ်သက်လုံး အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်းနေတော့မှာလားဆိုတာမျိုး ဖြစ်ပါတယ်။

ဒီ Model ကို အခြားကဏ္ဍတွေမှာလည်း အသုံးပြုလို့ရပါတယ်။ ရာထူးတိုးမယ်လို့ လုံးဝယုံကြည်ထားချိန်မျိုးမှာ မရခဲ့လို့ စိတ်ပျက်လက်ပျက်ဖြစ်ရတာမျိုး၊ ငွေအလုံးအရင်းတစ်ခု စုဆောင်းမိနိုင်ဖို့ မျှော်မှန်းထားပေမယ့် ဖြစ်မလာတာမျိုးစသည်ဖြင့် ဘဝမှာ မျိုးစုံကြုံတွေ့နိုင်ပါတယ်။ ဒါကြောင့် မျှော်မှန်းချက် လုံးဝမရှိဘဲနဲ့နေပြန်ရင်လည်း ဘဝဟာ ထူးမခြားနားနဲ့ စိတ်ဝင်စားဖို့ ကောင်းမှာမဟုတ်ပါဘူး။ ကိုယ်မျှော်မှန်းထားတဲ့အတိုင်း တကယ်တမ်းဖြစ်လာရင်တော့ ပျော်ရွှင်မှုကို မြင့်တင်နိုင်တယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း မျှော်မှန်းချက်မျဉ်းမှာ သတ်မှတ်ထားတဲ့ အမှတ် (Tipping Point) ကိုကျော်သွားရင် စိတ်ပျက်မှုကို မလွဲမသွေကြုံတွေ့ရမှာဖြစ်တာကြောင့် အဲဒီ မျှော်မှန်းထားရှိချက်ကို နည်းနည်းလေးလောက် လျှော့ချလိုက်ရင် ဘာတွေဆုံးရှုံးသွားနိုင်မလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးမေးကြည့်ဖို့ လိုအပ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ Expectations ဆိုတာ အနာဂတ်မှာ ရရှိမယ့် ဆုလာဘ်သဖွယ်ဖြစ်တဲ့အတွက် ဒါကိုစဉ်းစားလိုက်ရင် ကြိုတင်ရင်ခုန်ဖွယ်ဖြစ်ပါတယ်။ ဒါကြောင့် လူတချို့က အနာဂတ်ရည်မှန်းချက်ပန်းတိုင် (Goals) ချမှတ်တဲ့အခါ အကြီးကြီးတွေထားပြီး အစပိုင်းမှာ အလွန်တက်ကြွနေတတ်ကြတယ်။ လက်တွေ့အကောင်အထည်ဖော်ချိန် အခြေအနေမဟန်တာမျိုးနဲ့ ကြုံတဲ့အခါမျိုးမှာ စိတ်ဓာတ်ကျလာတတ်ပါတယ်။ ပညာရှင်အချို့ဆိုရင် Motivation ရဲ့ရန်သူက Expectations လို့တောင် ပြောကြပါတယ်။ Harvard တက္ကသိုလ်ရဲ့ Goals Gone Wild ဆိုတဲ့ စာတမ်းတစ်စောင်မှာ **"ဖန်တီးမှုတိုင်းမှာ လူတွေကို တွန်းအားဖြစ်နေဖို့ဆိုရင် Expectations အနည်းဆုံးသာ ထားရှိရမယ်။ ဒါမှသာ ကိုယ်မျှော်မှန်းထားတာထက် ပိုရလာတဲ့အခါတိုင်းမှာ ကိုယ့်အတွက်ပျော်ရွှင်မှု Motivation တွေဖြစ်စေနိုင်တယ်"**လို့ရေးသားဖော်ပြခဲ့ဖူးပါတယ်။

အချုပ်အားဖြင့် လူတွေဟာ ဘဝတစ်လျှောက်လုံးမှာ ပြီးပြည့်စုံမှုဆိုတာကို ရှာဖွေနေကြပြီး ရကိုမရတာလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် **"အပြစ်အနာအဆာတွေရှိနေပေမယ့်လည်း စိန်တစ်လုံးက ပြောင်ချောနေတဲ့ ကျောက်စရစ်ခဲထက်တော့ ပိုတန်ဖိုးရှိပါတယ်"**ဆိုတဲ့ ကွန်ဖြူးရှပ်ရဲ့ နာမည်ကျော်အဆိုအမိန့်အတိုင်း ကိုယ့်ရဲ့မြင့်မားတဲ့ မျှော်မှန်းထားရှိချက်တွေကို အနည်းငယ်လျှော့ချတတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ Expectations ဆိုတာ ကိုယ့်ဘာသာထားမိလို့ ဖြစ်ပေါ်လာတာမျိုးအပြင် တစ်ပါးသူရဲ့ပရောဂကြောင့်လည်း ဖြစ်တတ်ပါတယ်။ လူတွေက အချင်းချင်း False Hope လို့ခေါ်တဲ့ မျှော်လင့်ချက်အမှားတွေပေးပြီး တစ်ဖက်သားကို အသုံးချခံဖြစ်အောင် ဖန်တီးတတ်ကြလို့ဖြစ်ပါတယ်။ ကိုယ်ဟာ အဲဒီလိုအခြေအနေမျိုးနဲ့များ ကြုံတွေ့ရပြီဆိုရင်တော့ မမျှော်လင့်သင့်တာကို မျှော်လင့်နေမိရင်းနဲ့ ကိုယ့်ဘဝရဲ့တန်ဖိုးရှိတဲ့အချိန်တွေ ဆုံးရှုံးရနိုင်တယ်ဆိုတာကို သတိချပ်စေလိုပါတယ်။ အဲဒီလိုရည်ရွယ်ချက်ရှိရှိနဲ့ ဖန်တီးထားတဲ့ False Hope ထောင်ချောက်ထဲ ကျသွားတာမျိုးမဟုတ်ရင်တောင်မှ မျှော်မှန်းချက်အလွန်ထားမိတာမျိုးဟာ ကိုယ့်ကိုယ်ကိုယ် ထောင်ချောက်ထဲကို တွန်းပို့မိသလိုဖြစ်သွားတတ်တာကြောင့် ဘာကိုမှ အလွန်အကျွံမျှော်မှန်းမထားတာက ပိုကောင်းတယ်ဆိုတာ ရှင်းပြထားတဲ့ Model ကို ဖော်ပြပေးလိုပါတယ်။

**ပုဂ္ဂိုလ်ရေးအလားအလာထောင်ချောက်စံနမူနာ**
**(The Personal Potential Trap Model)**
**ဆိုရာဝယ်**

**"သူက တော်တော်အလားအလာရှိတဲ့တစ်ယောက်လေ"** ဆိုတဲ့စကားကို နောက်ကွယ်မှာ ပြောနေတာကို ကြားရတဲ့ ဘယ်သူမဆို ဒီအတိုင်းဖြစ်လာအောင်လုပ်ဖို့ လိုအပ်တယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ် သူ့အလိုလိုဝင်လာပြီး တစ်သက်လုံးကြိုးစားနေတာမျိုးကို ကိုယ့်ထောင်ချောက်ထဲ ကိုယ်ပိတ်မိသွားတာလို့ တင်စားထားတာပါ။ ဒီလိုစကားမျိုးကို ပြောလေ့ရှိသူတွေထဲမှာ ကိုယ့်ရဲ့ မိဘတွေ၊ ဆရာဆရာမတွေနဲ့ တစ်ခါတစ်ရံ နံဘေးပတ်ဝန်းကျင်မှာရှိတဲ့ လူမှုအသိုင်းအဝိုင်းကြီးတောင်ပါနေတတ်ပါတယ်။ ဒါဟာ အခန့်မသင့်ခဲ့ရင်တော့ အရည်အချင်းရှိတဲ့လူတွေအတွက် ကျိန်စာတစ်ခုလိုဖြစ်သွားတယ်လို့တောင် ပြောနိုင်ပါတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

လူတွေပြောလေ့ရှိတဲ့ နောက်တစ်မျိုးကလည်း **"သူတကယ်လိုချင်တာကို သိဖို့ပဲလိုတယ်"** ဆိုပြီး သူ့ရဲ့ချို့ယွင်း၊ အားနည်းမှုတွေကို လျစ်လျူရှုပြီး သူဟာ အောင်မြင်မှုတွေကို လွယ်ကူစွာရရှိလာတဲ့အပေါ် ချီးကျူးမိတာမျိုးဖြစ်ပါတယ်။ အစပိုင်းမှာတော့ အဲဒါမျိုးတွေက သူ့အတွက် ပြင်းပြင်းထန်ထန်လုပ်ဆောင်တဲ့စွမ်းရည်နဲ့ မဆုတ်မနစ်သော ဇွဲလုံ့လပေါင်းစပ်လာစေဖို့ ဆွဲဆောင်မှုရှိတာကြောင့် အကျိုးအမြတ်များစွာ ရရှိစေပါတယ်။ လူတိုင်းကလည်း သူဟာ အများမျှော်မှန်းထားတဲ့အတိုင်း တကယ်ဖြစ်လာမလားဆိုပြီး သေချာပေါက်စောင့်ကြည့်နေမှာလည်း ဖြစ်ပါတယ်။

ဒီအချိန်မျိုးမှာ သူဟာ ပုဂ္ဂိုလ်ရေးအလားအလာထောင်ချောက်ထဲကို ကျရောက်နိုင်လားဆိုတဲ့အပေါ် အခု Model ကို အသုံးပြုပြီး အတိအကျခြေရာခံနိုင်ပါတယ်။ Model မှာ မျဉ်းကွေးသုံးခုရှိပါတယ်–

(က) ကိုယ့်အပေါ် ကိုယ်ကိုယ်တိုင်ရဲ့ မျှော်မှန်းထားမှု။
(ခ) ကိုယ့်အပေါ် အခြားသူတွေရဲ့ မျှော်မှန်းထားမှု။
(ဂ) ကိုယ့်ရဲ့ တကယ့်အောင်မြင်ပြီးမြောက်ခဲ့မှုများ။

ဒီလိုမျဉ်းကွေးသုံးခုအတွက် အသက်အရွယ်အပေါ်လိုက်ပြီး ပညာရေး၊ ပထမဦးဆုံး အလုပ်အကိုင်၊ အခက်အခဲ အကျပ်အတည်းနဲ့ လမ်းကြောင်းပြောင်းလဲမှုဆိုတဲ့ကဏ္ဍတွေအတွက် ကိုယ့်ကိုယ်ကိုယ် အမှတ်ပေးကြည့်ရမှာဖြစ်ပါတယ်။

အဲဒီအခါမျိုးမှာ ကိုယ်ရဲ့အောင်မြင်ပြီးမြောက်ခဲ့မှုတွေဟာ အခြားသူတွေက ကိုယ့်အပေါ်မျှော်မှန်းထားမှုနဲ့ ကွာခြားလွန်းတာနဲ့အမျှ ပုဂ္ဂိုလ်ရေးအလားအလာ ထောင်ချောက်တံခါး ပွင့်လာမှာ ဖြစ်ပါတယ်။ သာမန်အားဖြင့်တော့ အမှန်တကယ် အရည်အချင်းရှိသူဆိုရင် အကျပ်အတည်းရောက်နေသည့်တိုင်အောင် အဲဒါကိုကျော်လွှားဖြတ်သန်းနိုင်လေ့ ရှိတာကို တွေ့ရှိရပါတယ်။ အဲဒီထောင်ချောက်ထဲကို ကျရောက်သွားရတဲ့အဓိကအကြောင်းရင်းခံကတော့ လူတစ်ဦးတစ်ယောက်အပေါ် မျှော်မှန်းချက် အလွန်ထားမိသွားရင် အဲဒီလူဟာ သိပ်ပြီး ကြိုးစားအားထုတ်နေစရာမလိုဘဲနဲ့တောင် ရလိမ့်မယ်လို့ စတင်ယုံကြည်သွားရာက သူ့အတွက် စိန်ခေါ်မှုတွေကို လက်တွေ့ရင်ဆိုင်ဖြေရှင်းနိုင်စေဖို့ အခွင့်အရေးတွေ ပေးဖို့တောင် ပျက်ကွက်သွားတတ်ပါတယ်။

**စာမျက်နှာ ၁၉ သို့** ✻



**"အနိမ့်ဆုံးကတော့ တစ်ချိန်ချိန်မှာ ဘယ်လိုလူမျိုးဖြစ်ချင်တယ်၊ ဘယ်လိုဘဝမျိုး ရောက်ချင်တယ်ဆိုတဲ့ မျှော်မှန်းထားရှိမှုမျိုး လူတိုင်းရှိခဲ့ဖူးမှာပါ။ Relationship ဆိုရင်တောင်မှ ဘယ်လိုလူမျိုးနဲ့မှ ဖြတ်သန်းချင်တယ်ဆိုတာမျိုးအထိ Expect လုပ်ဖူးကြမှာပါ။ အဲဒီလိုမျိုး ကိုယ့်အတွက် ကိုယ်ကိုယ်တိုင်ပဲ Expectations မြင့်မြင့်မားမားထားလိုက်မိတယ်။ ပြီးမှ ဒါတွေကို သေချာမကိုင်တွယ်နိုင်ဘူး။ ဖြစ်မြောက်အောင်လည်း မလုပ်နိုင်တော့ဘူး။ ပြီးရင် အဲဒါကြောင့်ပဲ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ပြဿနာတွေဖြစ်လာမယ်။ စိတ်ပင်ပန်းမှုတွေ ကြုံလာမယ်။ နောက်ဆုံး စိတ်ဖိစီးမှုတွေနဲ့ ကြုံတွေ့ရတဲ့အထိ ဖြစ်သွားတတ်ပါတယ်။ အဲဒီလိုမျိုး အမြင့်မားဆုံး မျှော်မှန်းထားရှိမှုတွေကြောင့် ဖြစ်ပေါ်လာမယ့် ပြဿနာတွေကို ရှင်းပြထားတဲ့ Model လေးတစ်ခုကို မိတ်ဆက်ပေးချင်ပါတယ်"**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




**နေပြည်တော် ဇန်နဝါရီ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အောင်မြေစံကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါ ရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန၌ သွားကျန်းမာရေးကုသပေးခြင်းများ ဆောင်ရွက်

**ညောင်ဦး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ခတင်-၂၀၀ ပြည်သူ့ဆေးရုံကြီး၌ ဒီဇင်ဘာ ၂၈ ရက်မှစတင်ကာ ဇန်နဝါရီ ၃ ရက်အထိ သွားကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ဆရာဝန် ဆရာဝန်မကြီးများ ဦးဆောင်ကာ ကုသပေးလျက်ရှိသည်။



သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)မှ တွဲဖက်ပါမောက္ခ ဒေါက်တာရဲဝင်းနိုင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်ဇေလတ်၊ အုပ်ချုပ်သူ သွားဘက်ဆိုင်ရာဆရာဝန် လေးဦး၊ အလုပ်သင်ဆရာဝန်ခြောက်ဦး၊ သွားဘက်ဆိုင်ရာ နောက်ဆုံးနှစ်ကျောင်းသား ၃၄ ဦးတို့သည် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန၊ စဥ့်ကူတိုက်နယ်ဆေးရုံနှင့် တောင်းဇင်းတိုက်နယ်ဆေးရုံတို့တွင် သွားကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားကျန်းမာရေးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ ပခုက္ကူမြို့နယ်တို့မှ သွားရောဂါဝေဒနာရှင်များ နေ့စဉ်လာရောက်ပြသကုသလျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**

# ရွှေတောင်မြို့နယ်၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံ့တိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်

**ရွှေတောင် ဇန်နဝါရီ ၂**

အသက် (၂) နှစ်အောက် ကလေးငယ်များ ကူးစက်ရောဂါတို့မှ ကင်းဝေးစေရန်နှင့် ကျန်းမာရေးကောင်းမွန်ပြီး ဉာဏ်ရည်ထက်မြက်စေရန် ရည်ရွယ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက ရွှေတောင်မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းတွင် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များ ကူးစက်ရောဂါတို့မှကာကွယ်ရန်နှင့် ကျန်းမာရေးအသိရှိစေရန်အတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ ကိုယ်အလေးချိန်ချိန်ပေးခြင်း၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ မေးခိုင်ရောဂါ၊ တီဘီရောဂါ၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် ဝက်သက်ရောဂါတို့မှကင်းဝေးစေရန် အသက်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများ ထိုးပေးခြင်းနှင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

✻ စာမျက်နှာ ၁၈ မှ

ဥပမာအားဖြင့် သင်္ချာဉာဏ်ကြီးရင်လို့ သတ်မှတ်ခံထားရတဲ့ကလေးတစ်ဦးကို ကျန်တဲ့သူတွေ မယှဉ်နိုင်မှာစိုးရိမ်လို့ဆိုပြီး အတန်းထဲက ပုစ္ဆာတွေတွက်တာ၊ စစ်မေးတာတွေမှာ ပါဝင်ခွင့်မပေးတာမျိုးအထိ ဖြစ်တတ်ပါတယ်။ တချို့လည်း ကိုယ်တိုင်ကိုယ်က ဝင်ပြိုင်စရာမလိုဘူးလို့ ယူဆထားတာမျိုးလည်း ရှိတတ်ပါတယ်။ နောက်ထပ်ဖြစ်နိုင်တာတွေကတော့ အများမျှော်မှန်းထားသလိုမျိုး သူ့အနေနဲ့ စွမ်းဆောင်မပြနိုင်ချိန်မျိုးမှာတော့ စိတ်ဒဏ်ရာဆိုးဆိုးဝါးဝါး ရရှိသွားနိုင်ပါတယ်။ နောက်ဆုံး သူ့ရဲ့ မူလရည်မှန်းချက်ပန်းတိုင်ကနေ ရှောင်ပြေးသွားတတ်တဲ့အထိ ဖြစ်တတ်ပါတယ်။

လက်တွေ့ဘဝမှာ တွေ့မြင်ရလေ့ရှိတာမျိုးတွေကတော့ အားကစားနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်ဖို့အထိ ရည်မှန်းချက်ထားတဲ့ လူငယ်အားကစားသမားအချို့ဟာ ရလဒ်ကောင်းတစ်ခု မရလိုက်တာနဲ့ကို အဲဒီကစားနည်းကို စွန့်လွှတ်လိုက်တာမျိုးနဲ့ အလွန်တော်တယ်လို့ တစ်ချိန်လုံး ချီးမွမ်းခံနေရတဲ့ ဝန်ထမ်းဟာ လေ့လာသင်ယူလိုစိတ် လျော့ပါးသွားတတ်တာမျိုးတွေပဲဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ပုဂ္ဂိုလ်ရေးအလားအလာ ထောင်ချောက်ထဲရောက်နေတယ်လို့ ထင်မြင်လာခဲ့ရင်တော့-

(က) ကိုယ့်အတွက် ဖြစ်နိုင်ပြီး တကယ်လက်တွေ့ကျမယ့် ရည်မှန်းချက်ပန်းတိုင်မျိုး ချမှတ်ပါ။

(ခ) အဲဒါကို ရရှိနိုင်မယ့်နည်းလမ်းကိုသာ ရှေးရှုပါ။ ကျော်လွှားဖို့ ဦးစားမပေးပါနဲ့။ ပန်းတိုင်ဆီသို့ ချီတက်နေတဲ့ ခရီးလမ်းတစ်လျှောက်မှာလည်း ရရှိနိုင်သမျှ သင်ယူလေ့လာနေပါ။

(ဂ) ရှုံးနိမ့်မှုရှိခဲ့ရင်လည်း သင်ယူလေ့လာမှုလုပ်ငန်းစဉ်ရဲ့ သဘာဝတရားဖြစ်လို့ စိုးရွံ့မှုမဖြစ်ပါနဲ့။

(ဃ) ကိုယ့်ရဲ့စွမ်းဆောင်နိုင်မှုက ဘယ်လောက်ပဲ သေးငယ်နေပါစေ အဲဒီအပေါ် ဂုဏ်ယူတတ်ပါစေ။

အထက်ပါအကြံပြုချက်တွေအတိုင်း လိုက်နာနေထိုင်သွားနိုင်မယ်ဆိုရင်တော့ The Personal Potential Trap ကို ရှောင်ရှားနိုင်မှာဖြစ်ပြီး ကိုယ်တိုင်ရဲ့ ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျမှာဖြစ်ပါတယ်။

**Expectations ကို အကောင်းဆုံးစီမံခန့်ခွဲနိုင်ဖို့ ဆိုရာဝယ်**

မျှော်မှန်းချက်တွေ လုံးဝမထားဖို့ဆိုတာကလည်း တကယ်တမ်းတော့ မလွယ်ပါဘူး။ မျှော်မှန်းချက်မရှိရင် အသက်မရှင်နိုင်ဘူးဆိုတဲ့ စကားလည်းရှိပါတယ်။ ဒီလိုမျှော်လင့်ထားတာတွေက လက်တွေ့နဲ့ အလှမ်းကွာဟတဲ့အခါ မျှော်မှန်းချက်ကြီးကြီးမားမား ထားရင်ထားသလို စိတ်ထိခိုက်ရတာလည်း များပါတယ်။ မျှော်တလင့်လင့်နဲ့ ရင်မောနေရတာမျိုး၊ မျှော်မှန်းထားတဲ့အခြေအနေဖြစ်မလာတာမျိုး၊ လက်တွေ့နဲ့ စိတ်ကူးအားခဲထားတာ ကွာခြားလာတာမျိုး စတာတွေအတွက် Expectations ကို ဒီလိုအကောင်းဆုံးစီမံခန့်ခွဲသင့်ပါတယ်-

> **❛လူတွေပြောလေ့ရှိတဲ့ နောက်တစ်မျိုးကလည်း "သူတကယ်လိုချင်တာကို သိဖို့ပဲလိုတယ်" ဆိုပြီး သူ့ရဲ့ချို့ယွင်း၊ အားနည်းမှုတွေကို လျစ်လျူရှုပြီး သူဟာ အောင်မြင်မှုတွေကို လွယ်ကူစွာရရှိလာတဲ့အပေါ် ချီးကျူးမိတာမျိုး ဖြစ်ပါတယ်။ အစပိုင်းမှာတော့ အဲဒါမျိုးတွေက သူ့အတွက် ပြင်းပြင်းထန်ထန်လုပ်ဆောင်တဲ့စွမ်းရည်နဲ့ မဆုတ်မနစ်သောဇွဲလုံ့လ ပေါင်းစပ်လာစေဖို့ ဆွဲဆောင်မှုရှိတာကြောင့် အကျိုးအမြတ်များစွာရရှိစေပါတယ်။ လူတိုင်းကလည်း သူဟာ အများမျှော်မှန်းထားတဲ့အတိုင်း တကယ်ဖြစ်လာမလားဆိုပြီး သေချာပေါက်စောင့်ကြည့်နေမှာလည်းဖြစ်❜**

(က) **Set Realistic Expectations**။ ပကတိအရှိတရားကို လက်ခံနားလည်ပြီး လက်တွေ့ကျတဲ့ Expectations ဖြစ်ရပါမယ်။

(ခ) **Focus on What You Can Control**။ ကိုယ်ရဲ့ ထိန်းချုပ်လုပ်နိုင်စွမ်းအပေါ်ကိုသာ အာရုံစိုက်ရပါမယ်။

(ဂ) **Cultivate a Positive Attitude**။ မိမိဘာမှမတတ်နိုင်ဘဲ ဖြစ်သွားတဲ့အပေါ် အကောင်းမြင်စိတ်နဲ့ လက်သင့်ခံနိုင်ရပါမယ်။

(ဃ) **Adjust Expectations Over Time**။ ပန်းတိုင်ကို ပြန်ချိန်ညှိရမှာဖြစ်သလို လိုအပ်ခဲ့ရင် Plan B နဲ့လည်း ဆက်ပြီး အကောင်အထည် ဖော်နိုင်ရပါမယ်။ ပန်းတိုင်ငယ်လေးတွေလည်း ထားရှိဆွတ်ခူးရယူရပါမယ်။

(င) **Manage Comparisons**။ အခြားသူတွေနဲ့ နှိုင်းယှဉ်တာမျိုးကိုလည်း စီမံခန့်ခွဲတတ်ရပါမယ်။

(စ) **Embrace Uncertainty**။ အရာရာတိုင်းက ဘာမဆို ဖြစ်သွားနိုင်တယ်ဆိုတာ နားလည်လက်ခံနိုင်ရပါမယ်။

(ဆ) **Focus on Effort Over Outcome**။ ကိုယ့်ရဲ့လုပ်ဆောင်နိုင်ခဲ့မှုအပေါ် ဂုဏ်ယူတတ်ရပါမယ်။

(ဇ) **Cultivate Patience**။ စိတ်ရှည်တတ်မှုကို ပျိုးထောင်ရပါမယ်။

(ဈ) **Talk It Out**။ ယုံကြည်ကိုးစားရသူတွေနဲ့ တိုင်ပင်ဆွေးနွေးအကြံဉာဏ်ရယူရပါမယ်။

နိဂုံးချုပ်အားဖြင့် ကိုယ့်ရဲ့အနာဂတ်ပန်းတိုင်အတွက် အိမ်မက်ကြီးကြီးထားလို့ရပေမယ့် အဲဒီကိုပေါက်မြောက်ဖို့သွားရမယ့် ခရီးလမ်းမှာရှိတဲ့ မှတ်တိုင်ငယ်လေးတွေထားပြီး တစ်လှမ်းချင်းသွားဖို့၊ ဘယ်အရာမဆို မျှော်မှန်းနေရုံမျှနဲ့မပြီးဘဲ ကြိုးစားအကောင်အထည်ဖော်နေဖို့နဲ့ လက်တွေ့ဖြစ်လာတဲ့အပေါ်မှာလည်း (Positive Attitude) နဲ့ နားလည်လက်ခံနိုင်စွမ်းရှိဖို့ စတာတွေပဲဖြစ်ပါတယ်။ ဒါမှသာ အတွေးအခေါ်ရှင် ကဗျာစာဆိုကြီး ရာဗင်နာ့တဂိုးရဲ့ "If you cry because the sun has gone out of your life, your tears will prevent you from seeing the stars." ဆိုတဲ့ ကမ္ဘာကျော်အဆိုအမိန့်အတိုင်း နေမင်းကြီးနဲ့ လွဲသွားခဲ့ပေမယ့်လည်း လမင်းကြီးမဟုတ်ခဲ့ရင်တောင်မှ ကြယ်စင်လေးတွေကိုတော့ ဆွတ်ယူပိုင်ခွင့်ရှိသူဖြစ်လျက်ရှိပါကြောင်း ဖော်ပြလိုက်ရပါတယ်......။

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် တက်ရောက်

**ပုသိမ် ဇန်နဝါရီ ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရောဝတီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်မုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ပညာရေးမှူး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာ စကားပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အား ပညာရေးမှူးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂျပန် နိုင်ငံ (The 31st Annual World Children's Picture Contest (2023–2024) ပန်းချီပြိုင်ပွဲဆု၊ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် (Grade – 12 ) ဝိဇ္ဇာတွဲတွင် မြန်မာ တစ်နိုင်ငံလုံး (Top–4)ရရှိသူ၊ ကမ္ဘာ့ဆရာများနေ့ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု၊ (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မယ်ဒလင်၊ တယော ရွှေတံဆိပ်ဆု၊ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း တွင် သင်တန်းသား စံပြဆု၊ National Clean and Green School Award ရရှိသူနှင့် ၂၀၂၃ -၂၀၂၄ ပညာ သင်နှစ် (Grade – 12) ဝိဇ္ဇာတွဲတွင်မြန်မာတစ်နိုင်ငံလုံး (Top–7) နှင့် (Top–8) ရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ရောဝတီတိုင်းဒေသကြီးစုံညီပွဲ တော်အတွက် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ရာ တိုင်းဒေသကြီးပညာရေးမှူးက လက်ခံရယူခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းအားကစားကွင်းတွင် လပ္ပတ္တာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်း ကျောင်းမှ ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များ ၏ သရုပ်ပြတီးခတ်မှု၊ ပုသိမ်မြို့ စိန့်ဂျွန်းကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ၏ Fitness Dance ဖြင့် ကပြဖျော်ဖြေမှု၊ ပုသိမ် မြို့ပေါ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူ ၄၀၀ ၏ ကဗျာလွတ်အက ကပြဖျော်ဖြေမှု၊ သာပေါင်းမြို့နယ် ဇီးဖြူကွင်းအခြေခံပညာအထက် တန်းကျောင်းနှင့် ကွက်ပြင်အခြေခံပညာမူလတန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ ကရင် ဒုံးအကများဖြင့် ကပြဖျော်ဖြေမှုနှင့် အားကစား ပြိုင်ပွဲများအား လှည့်လည်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကာ ခရိုင် အလိုက်ပြသထားသည့် ရောဝတီတိုင်းဒေသကြီး၏ ပညာရေးစုံညီပွဲတော်ပြခန်းများကို ကြည့်ရှုအားပေး သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး စာအုပ်အရောင်းပြခန်း နှင့် ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား ကျောင်း သူများ စာပေလေ့လာဖတ်ရှုနေမှုများကို ကြည့်ရှု အားပေးခဲ့ကာ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ကျိုင်းတုံ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁ ရက်တွင် ကျိုင်းတုံခရိုင် လွိုင်မွေမြို့ လွိုင်မွေကန်တံတား တည်ဆောက်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ကျိုင်းတုံမြို့နယ် လွိုင်မွေ ဒေသ ကျေးရွာ လေးရွာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက် နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်ဝေက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီး ချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ကျိုင်းတုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပန်ကွဲမှ လွိုင်မွေလမ်း အပိုင်း(၂)အား ကွန်ကရစ်ခင်းရန်နှင့်ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ ပြည်နယ် ဝန်ကြီးချုပ်က လမ်းများ ရေရှည်တည်တံ့နိုင်ရေး ထိန်းသိမ်းပေးကြရန် မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ သည် ကျိုင်းတုံ-လွိုင်မွေလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာ အုပ်စု တာခွယ်ကျေးရွာ ပရဟိတစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စာကြည့်တိုက်အဆောက်အအုံသစ် ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံ သစ်မှတ်တမ်းအားလွှဲပြောင်းပေးအပ်ခြင်းနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အလှူရှင်များ က လက်ခံရယူကြသည်။ စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ



ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် တောင်သူပညာပေး ရှေ့တန်းစခန်း၊ ကျိုင်းတုံမြို့ နောင်ကုန်ရွာ၌ တောင်သူများအား အီအမ်ဘိုကာရှီပြုလုပ်သုံးစွဲခြင်း လက်တွေ့သရုပ် ပြသမှုနှင့် စူပါဘိုကာရှီလက်တွေ့သရုပ်ပြသမှု ကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တောင်သူများအား အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ပေးကြရန်၊ စိုက်ပျိုးရေး နှင့်ပတ်သက်၍ သီးနှံအထွက်ပိုကောင်းစေရန် စိုက်ပျိုး ပညာရှင်များ၏ သင်ကြားမှုကို လိုက်နာဆောင်ရွက် ရန်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့်တာဝန်ရှိသူများက တောင်သူများအား မျိုးစေ့နှင့် ရွက်ဖျန်းအားတိုးဆေးများ ပေးအပ်ရာ တောင်သူများက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ် နှင့်အဖွဲ့သည် စိုက်ပျိုးဥယျာဉ်ခြံကို လှည့်လည် ကြည့်ရှုကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံဟင်းသီးဟင်းရွက်စုံ ၇၅၁၅ ဧကစိုက်ပျိုး

**ကန့်ဘလူ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိဒေသခံ တောင်သူများသည် စားဖိုဆောင် သီးနှံ ဟင်းသီးဟင်းရွက်များကို ရာသီအလိုက် တစ်ပိုင်တစ်နိုင် အဖြစ်လည်းကောင်း၊ စီးပွား ဖြစ်အနေဖြင့် လည်းကောင်း၊ တစ်ဖက်တစ်လမ်းမှ မိသားစု စီးပွားရေး အဆင်ပြေစေရေး အတွက်လည်းကောင်း စိုက်ပျိုး လုပ်ကိုင်လျက်ရှိကြကြောင်း သိရ သည်။



ကန့်ဘလူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တွင် စားဖိုဆောင်သီးနှံ ဟင်းသီး ဟင်းရွက်များကို စက်တင်ဘာလ နှင့် အောက်တိုဘာလတွင် စတင် စိုက်ပျိုးကြပြီး ယနေ့အထိ စားဖို ဆောင်သီးနှံ ဟင်းသီးဟင်းရွက် ၇၅၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**တောင်သူများနှင့်တွေ့ဆုံ**

ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုအနေ ဖြင့် ပန်းဂေါ်ဖီ၊ မုန်ညင်း၊ ကိုက်လန်၊ မုန်လာဥ၊ ဆလတ်၊ တိုင်ထောင် ပဲ၊ နံနံ၊ ဘူးသီး၊ ခဝဲ၊ ရုံးပတီ၊ ခရမ်း ချဉ်၊ ခရမ်းသီး စသည့်သီးနှံတို့ကို စိုက်ပျိုးကြကြောင်း၊ အဆိုပါသီးနှံ များ အောင်မြင်ဖြစ်ထွန်းစေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ကွင်းတာဝန်ခံ များက တောင်သူများ၏ စိုက်ပျိုး ကွင်းအရောက် ကွင်းဆင်းပြီး တောင်သူများနှင့် တွေ့ဆုံကာ အသိပညာပေးမှုများ ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ မြို့နယ်မှာ ၂၀၂၄- ၂၀၂၅ ခုနှစ် ဆောင်းသီးနှံ ဖြစ်တဲ့ စားဖိုဆောင်သီးနှံ ဟင်းသီး ဟင်းရွက်စုံ ၇၄၂၆ ဧက လျာထား စိုက်ပျိုးခဲ့ရာမှာ ၇၅၁၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအား ဖြင့် ၁၀၁ ဒသမ ၂ ရာခိုင်နှုန်းရှိပါ တယ်။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ နည်းပညာတွေကို မစိုက်ပျိုးမီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက် ပေးပါတယ်”ဟု မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

စားဖိုဆောင်သီးနှံ ဟင်းသီး ဟင်းရွက်များသည် အချိန်တို အတွင်း စိုက်ပျိုးထုတ်လုပ်နိုင်ကာ ငွေအမြန်ပေါ်သည့် သီးနှံများ ဖြစ်၍ စိုက်ပျိုးသူတောင်သူများက မိသားစုစီးပွားရေး အဆင်ပြေစေ ရေးအတွက် စဉ်ဆက်မပြတ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဉာဏ်ပညာနှင့် အသိပညာအတွက် စာဖတ်ပါ

မေယု - မျိုးအောင်

လူတစ်ဦးတစ်ယောက်တည်း ကျောင်းနေအရွယ်မှ အသက်အရွယ်ရသည်အထိ အသိပညာအမျိုးမျိုးကို လေ့လာဆည်းပူးနေကြရသည်ဖြစ်ရာ စာဖတ်ခြင်းသည်သာ မိမိဘဝအောင်မြင်ရေး၏ လမ်းကြောင်းမှန်ပေါ်ရောက်ရှိနိုင်မည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ထို့ပြင် စာဖတ်ခြင်းသည် နှလုံးခုန်နှုန်းကို လျှော့ချခြင်းနှင့် ကြွက်သားတင်းမာမှုကို သက်သာစေခြင်း စသည့်ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်သည်။ စာဖတ်အားကောင်းသည့်သူများသည် ရင့်ကျက်တည်ငြိမ်မှုကိုရစေခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုစွမ်းရည်မြင့်တက်စေခြင်း၊ စိတ်ကူးစိတ်သန်းကောင်းစေခြင်း၊ အခက်အခဲများအပေါ် ဖြတ်ကျော်ရန်တုံ့ဆိုင်းမှုမရှိခြင်း၊ ဆုံးဖြတ်ချက်မှန်ကန်ခြင်း၊ မကောင်းမှုကိုဖယ်ရှားကာ သူတစ်ပါးအပေါ် စာနာထောက်ထားသည့် စိတ်ဓာတ်မြင့်မားစေခြင်း၊ စကားပြောကောင်းစေခြင်း၊ ကောင်းမွန်သည့် ပတ်ဝန်းကျင်ကို ရွေးချယ်တတ်လာစေခြင်း စသည့် အကျိုးတရားများကိုလည်း ရရှိစေမည်ဖြစ်သည်။ စာဖတ်ခြင်းနှင့်ပတ်သက်၍ မည်သည့်စာအုပ်ကို ဖတ်ရှုရမည်ဟူသည့် သတ်မှတ်ချက်မရှိသော်လည်း မိမိ၏စိတ်နေစိတ်ထားကို ပြုပြင်ပေးသည့်စာအုပ်မျိုး၊ မိမိအား ဉာဏ်ပညာဗဟုသုတ အတွေးအခေါ်ရင့်သန်စေရန် သွန်သင်ပေးသည့် စာအုပ်မျိုးကို ရွေးချယ်ဖတ်ရှုခြင်းကသာ အကောင်းဆုံးဖြစ်မည်ဖြစ်သည်။

မျက်မှောက်ကာလတွင် လူငယ်အများစုအနေဖြင့် ဆိုရှယ်မီဒီယာပေါ်မှ စာများကိုသာ ဖတ်ရှုမှုပိုများလာသဖြင့် စာအုပ်များကို ကိုင်တွယ်ဖတ်ရှုမှုနည်းပါးလာသည်။ လက်ကိုင်ဖုန်းဖြင့် စာဖတ်ခြင်း၊ ကွန်ပျူတာဖြင့် စာဖတ်ခြင်းသည် စာအုပ်ကို ကိုင်တွယ်၍ ဖတ်ရှုရခြင်း၏အရသာကို ယှဉ်နိုင်မည်မဟုတ်ပေ။ လူတစ်ဦးတစ်ယောက်၏ စိတ်ကူးစိတ်သန်း ကောင်းမွန်မှုသည် ဉာဏ်ပညာပြည့်ဝမှုနှင့် အသိပညာကြွယ်ဝမှုအပေါ် မူတည်သည်။ ဉာဏ်ပညာကို အသိပညာနှင့် ပေါင်းစပ်နိုင်မှသာ ဖန်တီးနိုင်မှုစွမ်းရည်ကို ရရှိမည်ဖြစ်သည်။ ဉာဏ်ပညာရှိမှုနှင့် အသိပညာ ကြွယ်ဝမှုတို့သည် ကွဲပြားခြားနားသည်။ ဉာဏ်ပညာရှိခြင်းသည် အသိပညာ၊ အတွေ့အကြုံ၊ နားလည်မှု၊ အသုံးချမှု သို့မဟုတ် တွေးခေါ်မှုတို့ကို အခြေခံ၍ ပြုလုပ်နိုင်သော စွမ်းရည်တစ်ခုဖြစ်သည်။ ဉာဏ်ပညာရှိသူသည် ခေါင်းဆောင်တစ်ဦး၏ ဘဝအခြေခံအုတ်မြစ်ဖြစ်သည်။ ဉာဏ်ပညာ၏ ထွက်ကုန်သည် ပြဿနာများကိုဖြေရှင်းရာ၌ ကောင်းကျိုးဖြစ်စေပြီး မိမိ၏ ဘဝခရီးအတွက် ရှေ့ဆောင်လမ်းပြဖြစ်သည်။

## အသိပညာ

အသိပညာသည် အကြောင်းအရာတစ်ခု သို့မဟုတ် ဘာသာရပ်တစ်ခုနှင့်ပတ်သက်သော အချက်အလက်တစ်ခုဖြစ်သည်။ လိုအပ်သည့်အချိန်တိုင်းတွင် ဘာသာရပ်ဆိုင်ရာ အသိပညာကို အသုံးချရန် ယုံကြည်မှုရှိခြင်းဖြစ်သည်။ အကြောင်းအရာတစ်ခုခု၏ အမှန်တရားနှင့် ဖြစ်ရပ်မှန်များကို ရှင်းရှင်းလင်းလင်းသိရှိခြင်းဖြစ်သည်။ အသိပညာတွင် တစ်ခုခုကို မည်သို့လုပ်ဆောင်ရမည်ကို သိရှိခြင်း၊ ဘဝအတွေ့အကြုံများ၊ သဘာဝတရားနှင့် ပတ်သက်သည့် အမှန်တရားများအပေါ် သိရှိခြင်းတို့ ပါဝင်သည်။ အသိပညာကြွယ်ဝသူသည် မည်သည့် အခြေအနေတွင်မဆို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ရပ်တည်နိုင်စွမ်းရှိသည်။ အသိပညာကို ရှာဖွေလိုသူတိုင်းသည် စိတ်ဝင်စားဖွယ် အကြောင်းအရာတစ်ခုကို ထဲထဲဝင်ဝင် လေ့လာရန်လိုအပ်သည်။

လူ့ဘဝတွင် သင်ယူမှုများသည် မွေးဖွားသည်မှ



သေဆုံးသည်အထိ အရွယ်သုံးပါးစလုံး အရေးပါလျက်ရှိသည်။ ဉာဏ်ပညာရှိခြင်း၊ ဗဟုသုတကြွယ်ဝခြင်းတို့သည် ဘဝအတွက် လိုအပ်ချက်တစ်ခုဖြစ်သည်။ ယင်းဉာဏ်ပညာတို့ကို စနစ်တကျအသုံးချနိုင်မှသာ ပညာရှိဟု သတ်မှတ်နိုင်မည်ဖြစ်သည်။

အသိပညာနှင့် ဉာဏ်ပညာသည် သဘောသဘာဝချင်းမတူသော်လည်း တစ်ခုစီ၊ သီးခြားစီ ရပ်တည်နေခြင်းမရှိပေ။ တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေသည်။ ဉာဏ်ပညာနှင့် အသိပညာနှစ်ခုစလုံးသည် ပိုမိုကောင်းမွန်သော ဘဝတစ်ခုကို တည်ဆောက်ရာ၌ တူညီစွာအရေးပါလျက်ရှိသည်။ ဉာဏ်ပညာနှင့် အသိပညာသည် လူတစ်ဦးစီ၏ ဘဝအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်၍ အသိပညာကို မှန်ကန်စွာအသုံးချနိုင်ရန်မှာ ဉာဏ်ပညာလိုအပ်သည်။ ဉာဏ်ပညာဖြင့် လေ့လာဆည်းပူးခြင်းသည် အဖိုးတန်သော်လည်း ယင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ ဆုံးဖြတ်ခြင်းက ပို၍အရေးကြီးသည်။ ယင်းကို အသိပညာ၏ အကူအညီဖြင့်သာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

## အွန်လိုင်းစွယ်စုံကျမ်း

မျက်မှောက်ကာလတွင် သတင်းအချက်အလက်နည်းပညာများ အံ့မခန်းဖွံ့ဖြိုးတိုးတက်လာသဖြင့် အသိပညာရှာဖွေလိုသူများနှင့် သုတေသီများအနေဖြင့် မိမိသိလိုသည့် အကြောင်းအရာနှင့် အချက်အလက်များရရှိရန် စာကြည့်တိုက်သို့ သွားစရာမလိုဘဲ ရှာဖွေရရှိနိုင်သည့် နေရာတစ်ခုမှာ အခမဲ့ အွန်လိုင်းစွယ်စုံကျမ်းဟု လူသိများသည့် ဝီကီပီးဒီးယား (Wikipedia) ဝက်ဘ်ဆိုက်ဖြစ်သည်။ ဝီကီပီးဒီးယားဆိုသည်မှာ ဘာသာစကားပေါင်းစုံနှင့် အကြောင်းအရာမျိုးစုံပါဝင်သော အခမဲ့အင်တာနက် စွယ်စုံကျမ်း ပရောဂျက်တစ်ခုဖြစ်သည်။ ဝီကီပီးဒီးယားဟူသောအမည်ကို လူအများ ပူးပေါင်းပါဝင်ရေးသားနိုင်သည့် ဝက်ဘ်ဆိုက်နည်းပညာ ဝီကီနှင့် အင်ဆိုင်ကလိုပီဒီယဟူသော အင်္ဂလိပ်စကားလုံးတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဘာသာစကားမျိုးစုံဖြင့် ဗဟုသုတများစွာကို စုစည်းရရှိရန် ရည်ရွယ်၍ ဂျင်မီဝေးလ်နှင့် လာရီဆမ်ဂါတို့ စတင်တည်ထောင်ခဲ့သော ဝီကီပီးဒီးယားသည် ယခုအခါ ၂၃ နှစ်သက်တမ်းသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ယနေ့ကာလတွင် လူကြိုက်အများဆုံး အွန်လိုင်းကိုးကားမှု အရင်းအမြစ်ဖြစ်လာသော ဝီကီပီးဒီးယားသည် တစ်လလျှင် ပျမ်းမျှအားဖြင့် စာမျက်နှာကြည့်ရှုသူ အများဆုံးဝက်ဘ်ဆိုက်များအနက် တစ်ခုဖြစ်ကြောင်း ဝက်ဘ်ဆိုက်ခြေရာခံကုမ္ပဏီ Alexa.com က ဆိုထားသည်။ ဘာသာစကား ၃၀၉ မျိုးဖြင့် ရေးသားထားသော ဆောင်းပါးပေါင်း ၅၅ သန်းရှိနေသည့် ဝီကီပီးဒီးယားသည် ကမ္ဘာတစ်ဝန်းရှိ အသိဉာဏ်ချဲ့ထွင်လိုသူတိုင်းအတွက် အားထားရာနေရာဖြစ်လာသည်။ မြန်မာဘာသာ အင်တာနက်စွယ်စုံကျမ်းတစ်ခုဖြစ်သည့်

> **အသိပညာနှင့် ဉာဏ်ပညာသည် သဘောသဘာဝချင်းမတူသော်လည်း တစ်ခုစီ၊ သီးခြားစီ ရပ်တည်နေခြင်းမရှိပေ။ တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေသည်။ ဉာဏ်ပညာနှင့် အသိပညာနှစ်ခုစလုံးသည် ပိုမိုကောင်းမွန်သော ဘဝတစ်ခုကို တည်ဆောက်ရာ၌ တူညီစွာအရေးပါလျက်ရှိသည်။ ဉာဏ်ပညာနှင့် အသိပညာသည် လူတစ်ဦးစီ၏ဘဝအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်၍ အသိပညာကို မှန်ကန်စွာအသုံးချနိုင်ရန်မှာ ဉာဏ်ပညာလိုအပ်သည်။ ဉာဏ်ပညာဖြင့် လေ့လာဆည်းပူးခြင်းသည် အဖိုးတန်သော်လည်း ယင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ ဆုံးဖြတ်ခြင်းက ပို၍အရေးကြီးသည်။ ယင်းကို အသိပညာ၏ အကူအညီဖြင့်သာ လုပ်ဆောင်နိုင်မည်**

မြန်မာဝီကီပီးဒီးယားကိုလည်း ၂၀၀၄ ခုနှစ်ကတည်းက စတင်လွှင့်တင်ခဲ့ရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ ဆောင်းပါးပေါင်း တစ်သိန်းကျော် ထည့်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။ ဝီကီပီးဒီးယားတွင် အားသာချက်များစွာရှိနေသကဲ့သို့ အားနည်းချက်များလည်း တစ်ပုံတစ်ပင်ရှိနေပါသေးသည်။ မည်သူမဆို ၎င်းတွင်ပါရှိသော အချက်အလက်များကို အချိန်မရွေး ပြုပြင်တည်းဖြတ်နိုင်ခြင်းကြောင့် ကိုးကားချက်များအတွက် ယုံကြည်စိတ်ချရသော အရင်းအမြစ်အဖြစ်မှတ်ယူရန် သံသယရှိနေသည်။

သို့ရာတွင် ဝီကီပီးဒီးယား၏ ကိုးကားချက်များတွင် ယုံကြည်စိတ်ချရသော အရင်းအမြစ်မြောက်မြားစွာပါဝင်နေသဖြင့် ကမ္ဘာလုံးဆိုင်ရာ လူကြိုက်အများဆုံး ထိပ်တန်းဝက်ဘ်ဆိုက် ၅၀ တွင် အဆင့်(၁၃)အထိရှိနေသည်။ ၂၀၂၁ ခုနှစ် မတ်လအထိ အင်္ဂလိပ်ဝီကီပီးဒီးယားတွင် စာရင်းသွင်းအသုံးပြုသူ ၄၁ ဒသမ ၄ သန်းကျော်အထိ ရှိသဖြင့် အသိပညာနှင့် ဗဟုသုတ ရှာမှီးလိုသူတိုင်းအတွက် အတိုင်းအတာတစ်ခုအထိ အရေးပါနေဆဲဖြစ်သည်။ အွန်လိုင်းကိုးကားမှု အရင်းအမြစ်ဖြစ်လာသော ဝီကီပီးဒီးယားသည် တစ်လလျှင် ပျမ်းမျှအားဖြင့် စာမျက်နှာကြည့်ရှုမှု ၁၈ ဘီလီယံကျော်ရှိသဖြင့် ကမ္ဘာပေါ်တွင် လာရောက်ကြည့်ရှုသူအများဆုံး ဝက်ဘ်ဆိုက်တစ်ခုဖြစ်ကြောင်း ဝက်ဘ်ဆိုက်ခြေရာခံကုမ္ပဏီ Alexa.com က ဆိုသည်။

ယနေ့ကာလသည် ပညာခေတ်ဖြစ်၍ အင်တာနက်၏ ကျေးဇူးကြောင့် မိမိသိလိုသည့် ခေါင်းစဉ်တစ်ခုနှင့်ပတ်သက်သည့် အချက်အလက်ရရှိရန် စာကြည့်တိုက်ရှိ စာအုပ်အမြောက်အမြားကို ဖတ်ရှုဖြတ်သန်းရမည့် အချိန်တစ်ခုကို ဝီကီပီးဒီးယားတွင် ဘာသာစကားအမျိုးမျိုးဖြင့် အချိန်တိုအတွင်း ရှာဖွေနိုင်သည်။ ထို့ပြင် ဝီကီပီးဒီးယားမှ သိပ္ပံပညာရပ်များကိုလည်း လေ့လာနိုင်သည်။ သိပ္ပံပညာသည် သဘာဝတရား၏ ဖြစ်ပျက်ပြောင်းလဲမှုတို့နှင့် ထိုဖြစ်ပျက်ပြောင်းလဲမှုတို့၏ အကြောင်းအကျိုးအမှန်တို့ကို နည်းစနစ်ကျနစွာ လေ့လာအသုံးချနိုင်သော ပညာရပ်ဖြစ်သည်။ သိပ္ပံပညာသည် စောင့်ကြည့်လေ့လာခြင်းနှင့် လက်တွေ့လေ့လာခြင်းတို့မှ ရရှိလာသော ကမ္ဘာကြီး၏ သဘာဝနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာတို့၏ စနစ်တကျတည်ရှိသော အသိပညာဖြစ်သည်။ သိပ္ပံပညာမှတစ်ဆင့် အသိပညာရရှိခြင်းသည် မျက်မှောက်ခေတ် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို အဖြေရှာရာ၌ များစွာအထောက်အပံ့ပြုလျက်ရှိသည်။

သို့ဖြစ်ရာ အင်တာနက်မှသော်လည်းကောင်း၊ စာအုပ်မှသော်လည်းကောင်း စာဖတ်ခြင်းသည် ပစ္စုပ္ပန်အတွက်ဖြစ်စေ၊ အနာဂတ်အတွက်ဖြစ်စေ ပညာဗဟုသုတတိုးပွားစေပြီး အတွေးအခေါ်ရင့်သန်စေမည်ဖြစ်သည်။ အသိပညာကြွယ်ဝခြင်းကြောင့် မိမိ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများကို အထောက်အကူပြုစေနိုင်ပြီး စိတ်ကူးဉာဏ် အတွေးအခေါ် ရင့်သန်ကာ ဘဝတိုးတက်မှုကို ရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းစာဖတ်ခြင်းဖြင့် မိမိကိုယ်ကိုမြှင့်တင်ကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။

## ငုယင်ရှောင်ဆန်၏ သွင်းဂိုးများဖြင့် ဗီယက်နမ်အသင်း ASEAN Cup ဗိုလ်လုပွဲ ပထမအကျော့တွင် အနိုင်ရ


ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂**

2024 ASEAN Cup ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့၏ ပထမအကျော့ကို ဇန်နဝါရီ ၂ ရက်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ ဗီယက်နမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဗီယက်နမ်အသင်းသည် ဘရာဇီး မွေးစားနိုင်ငံသား ငုယင်ရှောင်ဆန်၏ ဒုတိယပိုင်းသွင်းဂိုးများဖြင့် ချန်ပီယံဆု တစ်ကျော့ပြန်ရယူနိုင်ရန် မျှော်လင့်ချက်ရှိလာသည်။ ၂၀၀၈၊ ၂၀၁၈ ခုနှစ်တွင် ချန်ပီယံဆုနှစ်ကြိမ်ရရှိပြီးနောက် အောင်မြင်မှုနှင့်ဝေးကွာနေသည့် ဗီယက်နမ်အသင်းသည် သုံးကြိမ်မြောက် ချန်ပီယံအိပ်မက် မက်ခွင့်ရလာခြင်းဖြစ်သည်။ ထိုင်းအသင်းမှာလည်း ကျဉ်းမြောင်းသည့်ရလဒ်ဖြင့်သာ အရေးနိမ့်သဖြင့် ဒုတိယအကျော့အိမ်ကွင်းပွဲတွင် အခွင့်အရေးရှိနေသေးသည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး အိမ်ရှင် ဗီယက်နမ်အသင်းက ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ ပထမပိုင်းတွင် ဗီယက်နမ်အသင်း ဂိုးရနိုင်သည့် အခွင့်အရေးပိုရသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဗီယက်နမ်အသင်းသည် ပထမပိုင်းတွင် ဂိုးမရသော်လည်း ဒုတိယပိုင်းတွင် ဂိုးများဆက်တိုက်ရခဲ့ပြီး တိုက်စစ်မှူး ငုယင်ရှောင်ဆန်က ၅၉၊ ၇၃ မိနစ်တွင် သွင်းယူခဲ့သည်။ ၈၂ မိနစ်တွင် ထိုင်းအသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး ချာလာမတ်ခ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။

ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့၏ ဗိုလ်လုပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၅ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-FAT**

## မင်းဘူး(စကု)မြို့နယ်၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောင်းတွင်း အားကစားပြိုင်ပွဲများ ကျင်းပ



**မင်းဘူး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောင်းတွင်း အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ယနေ့တွင် သီရိမင်္ဂလာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် မြောက်ရပ် မူလတန်းကျောင်းတို့တွင် ကျောင်းအုပ်ဆရာကြီးများက ဦးဆောင်၍ ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါကျောင်းများတွင် အတန်းစဉ်အလိုက် အပြေးပြိုင်ပွဲ၊ ကုလားထိုင်လု၊ အိတ်စွပ်၊ ဖားခုန်၊ ဆန်ကောရွက်၊ အာလူးကောက်၊ ဇွန်းကိုက်နှင့် ပူဖောင်းနင်း ပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည်။

**ဆုများ ပေးအပ်ချီးမြှင့်**

ယင်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသား ကျောင်းသူများအား မိမိကျောင်းများအလိုက် ဇန်နဝါရီ ၃ ရက်တွင်လည်းကောင်း၊ ကျောင်းများတွင် ကျင်းပမည့် စုံညီပွဲများတွင် လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အားကစားပြိုင်ပွဲများကို မင်းဘူး(စကု)မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများအလိုက် ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်းနှင့် ထိုသို့အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် လူငယ်လူရွယ်များ အားကစားစိတ်ဓာတ်များ ရှင်သန်စေရန်၊ အားကစားတွင်စိတ်ပါဝင်စားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ကျင်းပပေးရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်သွယ်သွယ်က ပြောသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

## တောင်တွင်းကြီးမြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းသား ကျောင်းသူလူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကို ကျင်းပသည်။

အားကစားပြိုင်ပွဲများကျင်းပရာတွင် မူလတန်းမှ အလယ်တန်းအဆင့်ထိ အတန်းအလိုက် ကျောင်းသား ကျောင်းသူများက မီတာ(၁၀၀)အပြေး၊ အာလူးကောက်၊ အိတ်စွပ်၊ ဆန်ကောရွက်၊ ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး စသည့်အားကစားနည်းမျိုးစုံတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် အားကစားဝါသနာပါလာပြီး ကိုယ်ကာယကျန်းမာကြံ့ခိုင်၍ ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန်အတွက် အားကစားပြိုင်ပွဲ ကျင်းပပေးရခြင်းဖြစ်ကြောင်းနှင့် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင် (ဗိသနိုးမြေ)**




## အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းလွှာ

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ၁၃၈၆ ခုနှစ်၊ မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ ပွဲကို ၂၈-၁၂-၂၀၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

အခမ်းအနားသို့ မွန်မြတ်သောစေတနာ သဒ္ဓါထက်သန်စွာဖြင့် အလှူငွေထည့်ဝင်လှူဒါန်းပေးပါသော ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**



### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူဒေသ၊ အုတ်တွင်းမြို့နယ်နှင့် ပြည်ဒေသ၊ ပန်းတောင်းမြို့နယ်များရှိ ကြိုးဝိုင်း/သစ် ကွက်များမှ သတ်မှတ်သစ်ဆိပ်သို့ အငှားကားတိုက်လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁-၂၀၂၅ရက်မှ ၁၅-၁-၂၀၂၅ရက်

၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၁၆-၁-၂၀၂၅ရက် (၁၆:၃၀)နာရီ

၄။ **တင်ဒါပုံစံရောင်းချမည့် နေရာနှင့် တင်သွင်းရမည့် နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယ အထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

၅။ **တင်ဒါဖွင့်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။

၆။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါကမြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၏ ဖုန်း -၀၉-၄၀၄၄၅၅၉၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**



### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မြင်တော်သာလမ်း၊ အိမ်အမှတ်-၁၈၂၀/က၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၇/၃၄၊ အကျယ်အဝန်းပေ(၂၀ x ၆၀)၊ ဦးခင်မောင်အုန်း အမည်ပေါက် ခြံမြေနှင့် ၎င်းပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အပိုင်ရောင်းချခွင့်ရှိသူဟု အဆိုရှိသော ဒေါ်ဝင်းပပသန့် [၁၂/လသယ(နိုင်)၁၂၅၈၅၅] ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးမိုးခိုင် ( LL.B, D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၂၃)**
**ဖုန်း-၀၉-၄၂၁၀၂၉၀၈၃**

## ဦးမြင့်သိန်း(ဘ-ဦးညီပု) [၁၂/လမတ(နိုင်)၀၁၂၃၉၉] (DE-၀၀၄၃၁၃) ကိုင်ဆောင်သူ သိရှိစေရန်

**လူကြီးမင်းအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ငုဝါမြိုင်(၂)လမ်း၊ အမှတ်(၃၃၇)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၃၃၇)၊ ဧရိယာ(၀.၀၆၂)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် အိမ်အပါအဝင် ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်သန်း[၁၂/ဥကမ(နိုင်)၁၅၁၉၄၈]မှ အရောင်းအဝယ်အရပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အဆိုပါမြေကွက်နှင့် အဆောက်အဦအား တရားဝင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ရန် လိုအပ်လာပါသဖြင့်** လူကြီးမင်းမှ ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်တွင် လူကြီးမင်းမှ လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဦးထွန်းအိုရပ်ကွက်၊ ပိတောက်(၂)လမ်းနေ မောင်မြတ်မင်းဦး (၂၀၁၈-တက္ကသိုလ်ဝင်တန်းအောင်)၏ ဖခင် ဦးဆန်းထွန်း [၁၂/ဆကခ(နိုင်)၀၂၈၃၅၂]နှင့် ဦးစန်းထွန်းတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၉၇/မမ/CE | **ရွှေညောင် - တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း** ရွှေညောင် - တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပေါမှုဘူတာနှင့် ထီသိမ်ဘူတာကြား လမ်းအူကြောင်း ပြောင်းလဲဆောင်ရွက်မည့် Greatwall Filling နေရာ CH No(22040) မီတာနေရာတွင် 10' Flat Top တံတား (၁) စင်း တည်ဆောက်ခြင်းလုပ်ငန်း |
| ၂ | ၂၉၈/မမ/CE | ရွှေညောင် - တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပေါမှုဘူတာ - ထီသိမ်ဘူတာကြား လမ်းအူကြောင်းသစ် ပြောင်းလဲဆောင်ရွက်မည့် Greatwall ဖို့မြေတာဘောင်အောက် CH No(22040) မီတာနေရာတွင် အသစ်တည်ဆောက်မည့် 10' Flat Top တံတား နှင့် ပေါမှုဘက်ခြမ်း ဖို့မြေတာဘောင်တွင် TERRAMESH SYSTEM ဖြင့် Soil Reinforcement ပြုလုပ်ခြင်း (75 m) |
| ၃ | ၂၉၉/မမ/CE | ရွှေညောင် - တောင်ကြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပေါမှုဘူတာ - ထီသိမ်ဘူတာကြား လမ်းအူကြောင်းသစ် ပြောင်းလဲဆောင်ရွက်မည့် Greatwall ဖို့မြေတာဘောင်အောက် CH No(22040) မီတာနေရာတွင် အသစ်တည်ဆောက်မည့် 10' Flat Top တံတား နှင့် ထီသိမ်ဘက်ခြမ်း ဖို့မြေတာဘောင်တွင် TERRAMESH SYSTEM ဖြင့် Soil Reinforcement ပြုလုပ်ခြင်း (75 m) |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၁၇.၁.၂၀၂၅ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၃.၁.၂၀၂၅) ရက်နေ့မှ စတင်၍ ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၀-ဈေးချို)၊ ဦးပိုင်အမှတ်-၂တ/၄၊ ဧရိယာ (၀.၀၂၉) ဧကရှိ ဘိုးဘွားမြေနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မော်လမြိုင်မြို့နယ်၊ မြို့နယ်မြေစာရင်းဦးစီးဌာန မှတ်ပုံတင်(၁-က)စာရင်းတွင် ဦးဂွမ်ဟင်း(ခ)ဦးမြင့်လွင် အမည်ပေါက်လျက်ရှိပါသည်။ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၀-ဈေးချို)၊ ဦးပိုင်အမှတ်-၂တ/၄၊ ဧရိယာ (၀.၀၂၉) ဧကရှိမြေကွက်အား မူလပိုင်ရှင်ဖြစ်သူ ဦးကျော်စိုးနှင့် ဦးဂွမ်ဟင်း(ခ)ဦးမြင့်လွင်မှ မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၂၉၅/၂၀၁၅)ဖြင့် သမဝါယမဘဏ်လီမိတက် အများပိုင်ဘဏ်သို့ ရောင်းချခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၃၀-၁၂-၂၀၂၀)ရက်စွဲပါ စာအမှတ်-မဗဘ/MP/FIR/ဘဏ်စိစစ်/ထွေ(၈၉၁/၂၀၂၀) အရ သမဝါယမဘဏ်အမည်အား **CB BANK PCL** အမည်သို့ ပြင်ဆင်ခွင့်ပြုခဲ့သဖြင့် ယခုအခါ **CB BANK PCL** အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသည်။

